ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်၊ အင်္ဂါနေ့၊ (4-10-2011) (၆၉၀၂)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

## မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် ပင်လယ်ပြင်နယ်နိမိတ်သတ်မှတ်ရေးသည် ကမ္ဘာတွင် ပထမဆုံး ပင်လယ်နယ်နိမိတ်နှင့်ပတ်သက်သောအမှုဖြစ် မြန်မာနိုင်ငံအတွက်လည်း ပထမဆုံးဖြစ်သည့်အတွက် တရားသူကြီးများက အထူးဂရုစိုက်ကာ သမာသမတ်ရှိသော အမိန့်ထွက်ရန် ကြိုးစားလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃**

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ယနေ့နံနက် (၁၀) နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်(၃၈၅)ဦးတို့ တက်ရောက်ကြသည်။

ယနေ့လွှတ်တော်အစည်းအဝေး၌ မေးခွန်း(၆)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက ကူးသန်းရောင်းဝယ်ရေးကဏ္ဍဆိုင်ရာ မေးခွန်း(၅)ခုကို မေးမြန်းခဲ့ရာ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ○

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)



# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

## မြေသိမ်းယူခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ပုဂ္ဂလိကအကျိုးစီးပွားကိုရည်ရွယ်သည့်ကိစ္စများအတွက် လုံးဝခွင့်မပြု အများပြည်သူအကျိုးအတွက် မြေသိမ်းဆည်းရာတွင် တည်ဆဲမြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေ



**နေပြည်တော် အောက်တိုဘာ ၃**

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ယနေ့ နံနက် (၁၀) နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၄)ဦး တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏ **"လွန်ခဲ့သောကာလများအတွင်း ဆရာဝန်အချို့နှင့် ရွှေနေအချို့တို့အား ဆေးကုသခွင့်လိုင်စင်နှင့် ရွှေနေလိုင်စင်များ ပိတ်သိမ်းထားခြင်းများရှိခဲ့ရာ ယင်းတို့၏** စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)

## ကြေးမုံ (The Mirror)

၄-၁၀-၂၀၁၁
(အင်္ဂါနေ့)

# စပါးကောင်းမှ ဆန်ကောင်းမည် စက်မှုလယ်ယာဆီ

တောင်သူလယ်သမားများနှင့် အလုပ်သမားများသည် တိုင်းပြည်၏ အခြေခံလူတန်းစားများဖြစ်သည်။ ယခုအခါ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားမြင့်မားရေးကိုရှေးရှုပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေး နည်းလမ်းများကို လက်တွေ့ကျကျ အကောင်အထည်ဖော်နေပေပြီ။

ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတွင် လယ်ယာကုန်ထုတ်လုပ်ငန်းများ တိုးတက်လာရေးသည် ပဓာနကျသည်။ အထူးသဖြင့် သီးနှံအလိုက် တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ အရည်အသွေးကောင်း အထွက်နှုန်းတိုး မျိုးကောင်းမျိုးသန့်များ အသုံးပြုစိုက်ပျိုးရေး၊ လယ်ယာမြေအကွက်ငယ်များမှ ဟက်တာကွက်ကြီးများအဖြစ်သို့ စက်မှုလယ်ယာစနစ်ဖြင့် ပြုပြင်ပြောင်းလဲလုပ်ကိုင်ရေးတို့သည် ဦးစားပေး အားထုတ်ကြိုးပမ်းကြရမည့် လုပ်ငန်းများ ဖြစ်လာသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက သီးနှံများ အထွက်တိုးရေး သုတေသနပြု ကြိုးပမ်းနေပြီ။ ဆန်စပါးနှင့်အတူ စီးပွားရေးအရ တွက်ခြေကိုက်မည့် အထွက်တိုးမျိုးကောင်းမျိုးသန့် မျိုးစေ့များ ဖြန့်ဝေပေးနိုင်ရေး၊ ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ် အသုံးပြုနိုင်ရေး၊ လယ်ယာသုံးစက်ကိရိယာများ ပိုမိုအသုံးပြုလာရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးရပေဦးမည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆည်ရေသောက်လယ်မြေဧက ၇၀၀၀၀ တွင် ခေတ်မီစက်မှုလယ်ယာစနစ် အဆင့်ဆင့်လုပ်ကိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ မြေယာပြုပြင်ကိရိယာများ၊ ရိတ်သိမ်းခြွေလှေ့စက်များ၊ ကောက်စိုက်စက်များနှင့် လိုအပ်ချက်များကို စီစဉ်ထားရှိပြီ။ စက်မှုလယ်ယာဧက ၅၀၀ စံပြစိုက်ကွင်း၌ မိုးစပါးများ ရိတ်သိမ်းခြွေလှေ့နေပြီ။ လာမည့် ဆောင်းသီးနှံနှင့် နွေစပါးရာသီတွင် ဟင်းသီးဟင်းရွက်သစ်သီးဝလံများ ဆက်လက်စိုက်ပျိုးကြမည်။ ဆည်ရေသောက် ဧက ၁၂၀၀၀ ကို သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် ရာနှုန်းပြည့် ကူးပြောင်းစိုက်ပျိုးသွားရန် စီစဉ်လျက်ရှိသည်။

ဆန်စပါးနှင့်လယ်ယာထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် ဝင်ငွေတိုး အကျိုးအမြတ်တွက်ခြေကိုက်ရန် လိုအပ်သည်။ **စပါးကောင်းမှ ဆန်ကောင်းမည်** ဆိုသကဲ့သို့ အထွက်နှုန်းကောင်းရုံမက အရည်အသွေးကောင်းဆန်များ ထွက်ရှိရေး အလေးထားကြရပေမည်။ ဆန်အရည်အသွေး ကောင်းမွန်စေရေး မျိုးကောင်းမျိုးသန့်စပါးမျိုးများ စိုက်ပျိုးရေး၊ ရိတ်သိမ်းချိန်မှသည် သိုလှောင်ချိန်အထိ အလေအလွင့်နည်းရေးအတွက် ခေတ်မီစက်ကိရိယာများ အသုံးပြုရေးတို့သည် အလေးထားကြရမည့်အချက် ဖြစ်သည်။

ဆန်စပါးစီးပွားရေးလုပ်ငန်းသည် ကျယ်ပြန့်သည်။ လယ်ယာကဏ္ဍဖွံ့ဖြိုးလာရေး ပူးပေါင်းဆောင်ရွက်ကြရပေမည်။ လယ်ယာစိုက်ပျိုးရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကကုမ္ပဏီများ၏အားဖြင့် လက်မှုလယ်ယာစနစ်မှသည် စက်မှုလယ်ယာစနစ်သို့ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ဆန်စပါးကဏ္ဍဖွံ့ဖြိုး၊ တောင်သူလယ်သမားများ တွက်ခြေကိုက်ဝင်ငွေတိုး အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပေသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်နှင့်အဖွဲ့ တွေ့ဆုံ
# မြန်မာနှင့် ဂျပန် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရရှိရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ရောတ တခဲဒ ဦးဆောင်သည့် စီးပွားရေးလုပ်ငန်းရှင်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၌ ပြောင်းလဲလာသော စီးပွားရေးအခြေအနေများကြောင့် ဂျပန်နိုင်ငံက ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ရရှိရေး၊ တိုင်းပြည်စွမ်းအင်ကဏ္ဍ ဖူလုံရေးအတွက် ဂျပန်နိုင်ငံ၏ အရင်းအနှီးနှင့် နည်းပညာများ ပူးပေါင်းပါဝင်ခွင့်ရရှိရေးတို့အတွက် နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ (သတင်းစဉ်)



**စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ရောတ တခဲဒ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# ချင်းပြည်နယ် (၄၇)နှစ်မြောက် ရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့အခမ်းအနားနှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃**

ချင်းပြည်နယ်(၄၇)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီခွဲတွင် ဟားခါးမြို့ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက ပြည်သူလူထုကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက် အလုပ်အကျွေးပြုကြရန်၊ နိုင်ငံတော်က လိုလားသောရဲ၊ တပ်ဖွဲ့က လိုလားသောရဲ၊ ပြည်သူလူထုကလိုလားသောရဲ ဖြစ်အောင် ဆောင်ရွက်ကြရန်နှင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်သော တပ်ဖွဲ့ဝင်များ ဖြစ်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။

အခမ်းအနားတွင် ၂၀၁၁ ခုနှစ်အတွင်း ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့သည့် တပ်ဖွဲ့ဝင်များအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် နံနက် ၉ နာရီခွဲတွင် ဟားခါးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ကြွန်ဘိခ်ခန်းမ၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသော အလှူငွေကျပ် ၁၃၃၅၀၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆွေခန့်ထန်က ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများထံ ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဘိုး၊ အဘွား ၁၀၈ ဦးတို့အား အလှူငွေနှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကန်တော့ခံ အဘိုး၊ အဘွားများအား အာဟာရကျွေးမွေးခြင်းနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင် ဦးဆောင်သော အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးကာ ဆေးဝါးကုသပေးကြသည်။

၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားတွင် ကန်တော့ခံ အဘိုး၊ အဘွား ၄၅ ဦးအနက် အသက်အကြီးဆုံး အဘွား ငါးဦးအား ပြည်နယ်ဝန်ကြီးချုပ်က ငွေကျပ်နှစ်သောင်းစီ ပေးအပ်ကန်တော့သည်။

အလားတူ ဗေသလဘိုးဘွားရိပ်သာ အိမ်ရာ၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်အမှာစကားပြောကြားပြီး အလှူငွေကျပ် ၂၆၇၅၀၀ နှင့် လှူဖွယ်ပစ္စည်းများကို တာဝန်ရှိသူများနှင့်အတူ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



**ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းထံ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားတွင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# ရှမ်းပြည်နယ် ဆို၊ က၊ ရေး၊ တီး အောင်နိုင်ရေးအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃**

နေပြည်တော်တွင် ကျင်းပမည့် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်အသင်း၏ အောင်နိုင်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးတူးမောင်က အဖွင့်အမှာစကားပြောကြားပြီး အုပ်ချုပ်သူ ဦးမြင့်သိန်း (ဦးစီးအရာရှိ အငြိမ်းစား၊ စီမံကိန်း)က လေ့ကျင့်မှုအခြေအနေနှင့် နေပြည်တော်သို့ သွားရောက်ယှဉ်ပြိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးခွန်သိမ်းမောင်က ဖြည့်စွက်ရှင်းလင်းပြောကြားသည်။ ရှမ်းပြည်နယ် အဆို၊ အက၊ အရေး၊ အတီးအဖွဲ့ကို အုပ်ချုပ်သူနည်းပြ အပါအဝင် ၁၂၅ ဦးဖြင့် ဘာသာရပ် ၄၇ မျိုးတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

# အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

**နေပြည်တော် အောက်တိုဘာ ၃**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသာဌေးနှင့် ဦးမြသိမ်းတို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု(၆)မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

၄-၁၀-၂၀၁၁ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို
၈း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄း၀၄ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၄။ မျိုးချစ်တပ်မတော်
၄း၂၅ ၅။ ရှင်နှောင်း ကျောင်းရောက်ပြီ (ပညာပေးဇာတ်လမ်းတို)
၄း၃၀ ၆။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅ ၇။ အင်္ဂလိပ်စာသုတ
၄း၄၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် အပိုင်း (၄၂)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၁၅ ၁၃။ လျှပ်တစ်ပြက်
၆း၂၅ ၁၄။ Guide For You
၆း၃၀ ၁၅။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း (အပိုင်း-၅၆)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ဒို့တာဝန်အရေး(၃)ပါး
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ မွေးမြူသုတ
၂၃။ ဟာသရုပ်စုံ
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရောင်ပြန်မေတ္တာ အပိုင်း (၂၁)**
၂၆။ Mini Series

# အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃-၁၀-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၁၉၅၀ | ၀. ၀၃၂၀၆ |
| တရုတ် (ယွမ်) | ၆. ၃၇၉၅၀ | ၀. ၁၅၆၇၅ |
| အိန္ဒိယ (ရူပီး) | ၄၉. ၁၅၅၀ | ၀. ၀၂၀၃၄ |
| မလေးရှား (ရင်းဂစ်) | ၃. ၂၀၉၀၀ | ၀. ၃၁၁၆၂ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၃၁၁၇၄ | ၀. ၇၆၂၃၅ |
| ဂျပန် (ယန်း) | ၇၆. ၇၉၇၅ | ၀. ၀၁၃၀၂ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၈၁. ၁၉ | ၀. ၀၀၀၈၅ |
| ယူရို | ၀. ၇၅၁၀၀ | ၁. ၃၃၁၅၅ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၅၆၅ | ၁. ၅၄၈၈၂ |

***အင်တာနက်။***

# မျိုးကောင်းမျိုးသန့် စိုက်နည်းစနစ်နှင့် စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲရာတွင် ပညာရှင်များအပါအဝင် တက်ညီလက်ညီ စိတ်ရောကိုယ်ပါ နှစ်မြှုပ်ကြိုးပမ်း

နေပြည်တော် အောက်တိုဘာ ၃

**နေပြည်တော်ကောင်စီနယ်မြေအတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နွေစပါးဧက ၁၂၀၀၀၊ ဆီထွက်သီးနှံနေကြာဧက ၅၀၀၀ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် အထွက်နှုန်းတိုးတက်ရေးဆိုင်ရာ လုပ်ငန်းအကောင်အထည်ဖော်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။**

ညှိနှိုင်းဆွေးနွေးပွဲသို့ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ကျေးလက်နေတောင်သူလယ်သမားများ၏ လူနေမှုဘဝ မြင့်မားလာရေးအတွက် ၎င်းတို့၏ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် လူ၊ ပစ္စည်း၊ စက်ယန္တရားနှင့် သွင်းအားစုများကို စနစ်တကျ စီမံခန့်ခွဲမှု၊ စနစ်တကျစုဖွဲ့ဆောင်ရွက်မှုတို့ကို အလေးထားပြီး မှန်ကန်သော နည်းလမ်းများဖြင့် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေသခံတောင်သူများအနေဖြင့် မျိုးစေ့ကုန်ကျမှုသက်သာကာ အထွက်နှုန်းတိုးတက်ပြီး အသားတင်အကျိုးအမြတ်ပိုမိုရရှိနိုင်မည့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးလာကြစေရန် လက်တွေ့ပြသ စည်းရုံးဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ နွေစပါးတစ်ဧကတင်း ၁၀၀ နှင့်အထက် ထွက်ရှိရေး၊ ဆီထွက်သီးနှံနေကြာတစ်ဧက တင်း ၅၀ မှ ၆၀ အထိ ထွက်ရှိရေးတို့အတွက် မြေယာပြုပြင်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ ရေရရှိရေးတို့ကို မိမိဌာနက ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးမည့်အပြင် စိုက်နည်းစနစ်မှန်ကန်ရေးအတွက် စိုက်ပျိုးရေးပညာရှင်များနှင့် ဝန်ထမ်းများက အနီးကပ်ပါဝင်ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မြို့နယ်တိုင်းတွင်လည်း စံပြစိုက်ခင်းများ ဖော်ထုတ်၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပြသသွားမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေမှ အစပြုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များက ယင်းသို့စနစ်တကျ ဆောင်ရွက်မှုများကို အားကျအတုယူလာစေရန် စံနမူနာပြအဖြစ် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အုပ်ချုပ်စီမံခန့်ခွဲမှုဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဌာနဆိုင်ရာအကြီးအကဲများက စိုက်ပျိုးရေးရရှိရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် စိုက်နည်းစနစ် မှန်ကန်ရေး၊ လိုအပ်သောစက်ကိရိယာပစ္စည်းများ ပံ့ပိုးဖြည့်ဆည်းရေးတို့အတွက် ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးများက စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ နွေစပါးနှင့် နေကြာတို့အား သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းစနစ်ဖြင့် စိုက်ပျိုးရန်လျာထားဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကိုမှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဒေသခံတောင်သူများအား သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းစနစ်ဖြင့် စိုက်ပျိုးတတ်လာစေရန် အသိပညာပေး၍ ဖေးမလက်တွဲကူညီရာတွင် တိုက်တွန်းနှိုးဆော်မှုနှင့် စီမံခန့်ခွဲမှုတို့ဖြင့် စည်းရုံးစီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မျိုးကောင်းမျိုးသန့်စိုက်နည်းစနစ်နှင့် စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲကြရာတွင် ပညာရှင်များအပါအဝင် တက်ညီလက်ညီ စိတ်ရောကိုယ်ပါနှစ်မြှုပ်ပြီး အားသွန်ကြိုးပမ်းလုပ်ဆောင်ကြပါရန် တိုက်တွန်းပြောကြားသည်။

ညှိနှိုင်းဆွေးနွေးပွဲအပြီးတွင် တက်ရောက်လာကြသူများသည် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာရှိ တောင်သူပညာပေး အထူးအထွက်တိုးစပါး သိပ္ပံနည်းကျ ဧက ၄၀ စိုက်ကွင်း၊ အောင်သုခကျေးရွာရှိ တောင်သူပညာပေး အထူးအထွက်တိုးစပါး သိပ္ပံနည်းကျ ၁၀ ဧက စိုက်ကွင်း၊ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာရှိ ခေတ်မီစံပြ စက်မှုလယ်ယာ ဧက ၅၀၀ စိုက်ကွင်း အထူးဇုန်နှင့် စိုက်ခင်းအတွင်း ခင်းကျင်းပြသထားသော ခေတ်မီ လယ်ယာသုံးစက်ကိရိယာများ၊ ယန္တရားများနှင့် တစ်ကြိမ်လျှင် စပါးတင်း ၂၀၀ အခြောက်ခံနိုင်သည့် ခေတ်မီစပါးအခြောက်ခံသန့်စင်စက်တို့ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

(သတင်းစဉ်)



**နေပြည်တော်ကောင်စီနယ်မြေအတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နွေစပါးဧက ၁၂၀၀၀၊ ဆီထွက်သီးနှံနေကြာ ဧက ၅၀၀၀ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် အထွက်နှုန်း တိုးတက်ရေးဆိုင်ရာ လုပ်ငန်းအကောင်အထည်ဖော်ရေး ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။** (သတင်းစဉ်)

# သင်တန်းမှ သင်ကြားပို့ချမှုများကို သေသေချာချာသဘောပေါက်နားလည်အောင် သင်ယူလေ့လာမှတ်သားခဲ့သည့် ပညာရပ်များကို မိမိဌာနလုပ်ငန်းခွင်၌ လက်တွေ့ပြန်လည်အသုံးချ



**နေပြည်တော် အောက်တိုဘာ ၃**

သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများအား အခြေခံကွန်ပျူတာနှင့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၁၁)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်**(အပေါ်ပုံ)**တက်ရောက်၍ ယနေ့ခေတ်သည် ကွန်ပျူတာနှင့် သတင်း၊ ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်နေသည့် ခေတ်ဖြစ်ရာ ဝန်ထမ်းများက အစဉ်လေ့လာသင်ယူနေကြရန်လိုအပ်ကြောင်း၊ အင်္ဂလိပ်ဘာသာစကားသည် နိုင်ငံတကာသုံးဘာသာစကားတစ်မျိုးဖြစ်သည့်အတွက် အခြေခံမှစ၍ အဆင့်မြင့် ပြောဆိုနိုင်သည်အထိ လေ့လာဆည်းပူးကြရန်ဖြစ်ကြောင်း၊ သင်တန်းမှ သင်ကြားပို့ချမှုများကို သေသေချာချာ သဘောပေါက်နားလည်အောင် သင်ယူကြပြီး လေ့လာမှတ်သားခဲ့သည့် ပညာရပ်များကို မိမိဌာနလုပ်ငန်းခွင်၌ လက်တွေ့ ပြန်လည်အသုံးချနိုင်သည်အထိ သင်ကြားစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

အဆိုပါသင်တန်းမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၁၆ ဦး တက်ရောက်ကြကာ အဆင့်မြင့် ကွန်ပျူတာသင်တန်းများလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

# နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ပျဉ်းမနားမြို့နယ်အသင်း ဗိုလ်လုပွဲတက်

**နေပြည်တော် အောက်တိုဘာ ၃**

၂၀၁၁ ခုနှစ် ပထမအကြိမ် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲ ပွဲစဉ်ကို နေပြည်တော်အက်ဖ်စီ အိမ်ကွင်း(ပေါင်းလောင်းအားကစားကွင်း) ၌ ယနေ့ ညနေ ၃ နာရီက ပျဉ်းမနားမြို့နယ်အသင်းနှင့် ဇမ္ဗူသီရိမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပျဉ်းမနားမြို့နယ်အသင်းက ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးဇော်ဝင်းနှင့် ကောင်စီဝင်များ၊ နေပြည်တော်အတွင်းရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဘောလုံးအားကစားဝါသနာရှင်များ တစ်ခဲနက် တက်ရောက်အားပေးကြည့်ရှုကြသည်။

အောက်တိုဘာ ၅ ရက်(ဗုဒ္ဓဟူးနေ့)တွင် နေပြည်တော်အက်ဖ်စီ အိမ်ကွင်း(ပေါင်းလောင်းအားကစားကွင်း)၌ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ပျဉ်းမနားမြို့နယ်အသင်းနှင့် တပ်ကုန်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(၁၀၇)





**မိဘများဖြစ်ကြသော ဝဏ္ဏကျော်ထင် ဦးဘအုန်း-ဒေါ်တင်အေးနှင့် မောင်သန်းဌေးအုန်း၊ မောင်ဘိုဘိုမြင့်တို့အား ရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ ကျန်ရစ်သူမိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး အတွက် မတည်အလှူငွေ ကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နာယက ဦးမောင်တင် လက်ခံစဉ်။**

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၄-၁၀-၂၀၁၁ (အင်္ဂါနေ့)**

**[၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက် (အဖိတ်နေ့)]**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၁၅ | ၂။ | မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်) |
| ၇း၂၅ | ၃။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၀ | ၆။ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈း၀၅ | ၇။ | "ဝေဠုဝန်ခေါ် ရုပ်ပွားတော် ထင်ပေါ်ကျော်ကြား စစ်ကိုင်းငါးထပ်ကြီးဘုရား" |
| ၈း၁၅ | ၈။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက |
| ၈း၃၀ | ၉။ | ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေးအတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) [ဝါသနာရှင် (ဒုတိယတန်း) အဆင့်] (အမျိုးသား) |
| ၈း၄၀ | ၁၀။ | International News |
| ၈း၄၅ | ၁၁။ | နှောင်းခေတ်တေးပဒေသာ |
| ၉း၀၀ | ၁၂။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | ကြေးမုံရိပ်သွင်တေးနုယဉ် |
| ၄း၂၀ | ၃။ | ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃)၊ အခြေခံပညာ ဦးစီးဌာန၊ ဆဋ္ဌမအကြိမ်မြောက် ဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု) [အထက(၁) သန်လျင်] (အမျိုးသားဝတ်ရွတ်အဖွဲ့) |
| ၄း၅၀ | ၄။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ) |
| ၅း၀၅ | ၅။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၁၀ | ၆။ | အကပြိုင်ပွဲ |
| ၅း၂၀ | ၇။ | ၂၀၁၁ ခုနှစ်(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေးအတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) [ဝါသနာရှင် (ဒုတိယတန်း) အဆင့်] (အမျိုးသား) |
| ၅း၃၅ | ၈။ | ထင်ရှားကျော်ကြားသီချင်းများ |
| ၆း၀၀ | ၉။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၁။ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ |
| ၆း၃၅ | ၁၂။ | ဆိုလိုက်ကြစို့ |
| ၇း၀၀ | ၁၃။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ ကြမ္မာ" (ဒုတိယပိုင်း)(အပိုင်း-၅)** |
| ၈း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ခေတ်အကြိုက်တေးအဆိုပြိုင်ပွဲ ဘာသာရပ်ဆိုင်ရာ) အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြုဆွေးနွေးခန်း |
| | ၁၈။ | "ချိုမြိန်ရသာမုန့်ကမ္ဘာ" |
| | ၁၉။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ပန်းသုံးပွင့်ရဲ့ဒိုင်ယာရီ" (အပိုင်း-၁၆)** |
| | ၂၀။ | **အိန္ဒိယရုပ်ရှင် "အိမ်ထောင်ဟူသည်" (အပိုင်း-၂)** |
| | ၂၁။ | အစီအစဉ်ပြီး၏။ |

# ရွှေဘို-မြစ်ကြီးနားကားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ဧရာဝတီတံတား(ရတနာသိင်္ဃ) တည်ဆောက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

## ကြည့်ရှုစစ်ဆေး



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဧရာဝတီတံတား(ရတနာသိင်္ဃ)တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် ရွှေဘို-မြစ်ကြီးနားကားလမ်း မိုင်တိုင်အမှတ် (၉/၀)မှ (၂၂/၀)အထိ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၃)က ကတ္တရာလမ်းအဆင့်မြှင့်တင်ရန်အတွက် စက်၊ ယာဉ်၊ ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ ဂျင်းမြေဖို့ ညှိကြိတ်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၂၂/၀)မှ (၃၅/၀)အထိ အထူးစီမံကိန်းကြီးအဖွဲ့ (၁)က စက်၊ ယာဉ်၊ ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ လမ်းဘေးဝဲ/ယာ ရေမြောင်းများဖောက်လုပ်ခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၃၅/၀)မှ (၄၂/၀)အထိ ရွှေဘိုခရိုင်က လမ်းချဲ့ခြင်း၊ ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

### မှာကြား

ဆက်လက်၍ ရွှေဘို-မြစ်ကြီးနားကားလမ်း မိုင်တိုင်အမှတ်(၄၂/၀)ရှိ စံပယ်နံ့သာမှ ကန့်ဘလူမြို့အထိ ၁၆ မိုင်အား ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်း၊ လမ်းချဲ့ခြင်း၊ တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို လည်းကောင်း၊ မိုင်တိုင်အမှတ်(၃၂/၂)နှင့် (၃၂/၃)အကြား၌ အထူးစီမံကိန်းကြီး အဖွဲ့(၁)မှ စက်၊ ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ လမ်းပုံဖော်ခြင်းနှင့် လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းများ ဆောင်ရွက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၃၁/၅)နှင့် (၃၁/၆)အကြား၌ ယာဉ်သွားလာမှု အဆင်ပြေစေရန် လောလောဆယ် ကတ္တရာလမ်းပေါက်များ ဖာထေးရန်နှင့် လမ်းပေါ်တွင် ရေတင်ခြင်း၊ ရေဝပ်ခြင်းမရှိအောင် ရေမြောင်းများ ဖောက်လုပ်ပေးရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲ နွယ်ငြိမ်းကျေးရွာဘက်ကမ်းရှိ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၄)က တာဝန်ယူတည်ဆောက်နေသော ဧရာဝတီတံတား (ရတနာသိင်္ဃ)ကို ကြည့်ရှုစစ်ဆေးကြသည်။

ဧရာဝတီတံတား(ရတနာသိင်္ဃ)သည် နွယ်ငြိမ်းကျေးရွာနှင့် ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် စဉ့်ကူးမြို့တို့ကို ဆက်သွယ်တည်ဆောက်ထားသည့် သံကူကွန်ကရစ်နှင့် သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်ကာ ခန်းဖွင့်ဖွဲ့စည်းပုံမှာ ၂၀ မီတာအရှည် လေးခန်း၊ ၁၁၂ မီတာအရှည် ခြောက်ခန်း ပေါင်း ၁၀ ခန်းပါရှိသည်။ စုစုပေါင်းတံတားအရှည် ပေ ၂၄၈၀ ရှိကာ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် ၃ ပေစီပါရှိ၍ ရေလမ်းကင်းလွတ်အကျယ် ပေ ၃၂၀၊ အမြင့် ၄၇ ပေ ရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။ လက်ရှိတွင် တံတားတစ်စင်းလုံးအနေဖြင့် ၇၆ ဒသမ ၅၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

၎င်းတံတားကြီးတည်ဆောက်ပြီးစီးပါက ဧရာဝတီမြစ်အရှေ့ဘက်ကမ်း စဉ့်ကူးမြို့မှ တစ်ဆင့် မန္တလေး-ပြင်ဦးလွင်-ကျောက်မဲ-သီပေါ-လားရှိုး-မူဆယ်-နမ့်ခမ်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)သို့လည်းကောင်း၊ မန္တလေး-မတ္တရာ-ဗန်းမော်-မြစ်ကြီးနားလမ်း၊ ဖော့တောလမ်းဆုံမှတစ်ဆင့် မိုးကုတ်၊ တွင်းငယ်လမ်းဆုံမှ မိုးမိတ်၊ ငါးအိုလမ်းဆုံမှ မဘိန်းသို့လည်းကောင်း အသီးသီးဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ နွယ်ငြိမ်း-ကျောက်မြောင်း-ရွှေဘိုမှတစ်ဆင့် မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းသို့လည်းကောင်း၊ ရွှေဘို-ကောလင်း-ပင်လည်ဘူးသို့ လည်းကောင်း၊ ရွှေဘို-ခင်ဦး-ရေဦး-ကလေးဝသို့လည်းကောင်း၊ ရွှေဘို-အရာတော်-မုံရွာ-ယာကြီး-ကလေးဝ၊ ကလေးမြို့မှ တစ်ဆင့် ချင်းပြည်နယ်သို့လည်းကောင်း အလွယ်တကူဆက်သွယ်သွားလာနိုင်မည် ဖြစ်သည်။ (သတင်းစဉ်)



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ရွှေပြည်သာမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၄)သစ်စက်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သစ်ဆိုပ်၊ သစ်စက်နှင့် သစ်အခြေခံစက်မှုလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၃**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန သစ်လုံးရောင်း ဌာနစု(၁)၏ ဝါးတရာ သစ်ဆိပ်၌ သစ်ဆိပ်လုပ်ငန်းဆောင်ရွက်မှု၊ အိတ်ဖွင့်တင်ဒါများအတွက် သစ်လုံးများ လပ်ပုံပြုစုထားမှု၊ ပြည်ပဝင်ငွေရရှိစေရေး ဆောင်ရွက်နေမှုများနှင့် သစ်ဆိပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၄) သစ်စက်၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၉)သစ်စက်၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာန အမှတ်(၉) ပရိဘောဂစက်ရုံများသို့ ရောက်ရှိပြီး စက်ရုံအတွင်း သစ်များခွဲစိတ်နေမှုနှင့် သစ်အချောထည်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် စက်ရုံများသို့ ရောက်ရှိစစ်ဆေးရာတွင် သစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ကြိုးစားဆောင်ရွက်ရန်၊ နိုင်ငံတကာမှ အဆင့်မြင့်နည်းပညာများကို လေ့လာပြီး တန်ဖိုးမြင့် သစ်အချောထည်များထုတ်လုပ်ရန်၊ နိုင်ငံတကာဈေးကွက် ထိုးဖောက်တင်ပို့နိုင်ရေးဆောင်ရွက်ရန်၊ ဘေးထွက်ခွဲသားများမှ ဈေးကွက်ဝင် သစ်အချောထည်များထွက်ရှိအောင် ဆောင်ရွက်ရန်၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို အလေးထားဆောင်ရွက်ပေးရန်၊ ကုန်ကြမ်းသစ်လုံး တစ်လုံးချင်းအပေါ် တန်ဖိုးအမြင့်ဆုံး ရရှိနိုင်မည့် ခွဲသားနှင့် သစ်အချောထည်များရရှိနိုင်စေရေးအထိ အသေးစိတ် အခြေခံကျကျသုံးသပ်ပြီးမှ ခွဲစိတ်ရန်တို့ကို မှာကြားခဲ့သည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၃**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ရောတ တခဲဒ ဦးဆောင်သော အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ကိစ္စရပ်များ၊ မြန်မာ-ဂျပန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းကိစ္စရပ်များ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ အရည်အသွေးထိန်းသိမ်းမှု ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းကိစ္စရပ်များ၊ ဆေးဝါးထုတ်လုပ်မှုနှင့် တင်သွင်းမှုအတွက် မှတ်ပုံတင်ခြင်းနှင့် အရည်အသွေး စမ်းသပ်စစ်ဆေးခြင်းကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်က ဂျပန်နိုင်ငံမှ ထုတ်လုပ်လျက်ရှိသော ဂွမ်း၊ ပတ်တီး စသည့် ဆေးရုံသုံးပစ္စည်းများနှင့် စက်ကိရိယာများ အကြောင်း တင်ပြဆွေးနွေးခဲ့သည်။

(သတင်းစဉ်)



**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ရောတ တခဲဒ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)



**ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းတို့ စက်တင်ဘာ ၂၀ ရက်က တိုက်ကြီးမြို့နယ် ဂုံညှင်းတန်းကျေးရွာအုပ်စု ကျွန်းတောကုန်းကျေးရွာ၏ တစ်အိမ်ထောင် ကျွန်းသုံးပင် စိုက်ပျိုးအောင်မြင်မှုများကို ကွင်းဆင်းကြည့်ရှုစဉ်။**

(ခရိုင်သစ်တော)

# အမျိုးသားဟော်ကီပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် တတိယအကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသားဟော်ကီပြိုင်ပွဲကို သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ ယနေ့ ဆက်လက်ကျင်းပသည်။

ပထမပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီး အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် ချင်းပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို သုံးဂိုး-ဂိုးမရှိ ဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

အောက်တိုဘာ ၄ ရက်တွင် ရှမ်းပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (၁၉)

**တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ အစည်းအဝေး ကုလသမဂ္ဂအထွေထွေညီလာခံနှင့် အခြားဆက်စပ်အစည်းအဝေးများ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကုလသမဂ္ဂဌာန၌ ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ အစည်းအဝေးနှင့် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပလျက်ရှိသည့် (၆၆)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံနှင့် အခြားဆက်စပ် အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ယနေ့ ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည်။ (သတင်းစဉ်)

# နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃**

နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ (International white cane Day) အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား အကြိမ်(၂၀)မြောက် မျက်မမြင်လမ်းလျှောက်ပွဲကို အောက်တိုဘာ ၁၅ ရက်(စနေနေ့) နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့ရင်ပြင်ရှေ့မှ စတင်တာထွက်ကာ ပြည်လမ်း၊ ဘုန်းကြီးလမ်း၊ မဟာဗန္ဓုလလမ်းမှတစ်ဆင့် မြို့တော်ခန်းမရှေ့၌ ပန်းဝင်ခြင်းဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲကို ၁၉၉၂ ခုနှစ်မှစတင်ကာ နှစ်စဉ် မပျက်မကွက် ကျင်းပခဲ့ရာ ယခုနှစ်တွင် အကြိမ်(၂၀)ပြည့်ပြီဖြစ်သည်။ ယခု ၂၀၁၁ ခုနှစ်တွင် ကျင်းပမည့် မျက်မမြင်လမ်းလျှောက်ပွဲတွင် မျက်မမြင် ၈၄၃ ဦး ပါဝင်ဆင်နွှဲကြမည်ဟု သိရသည်။

မျက်မမြင်လမ်းလျှောက်ပွဲနှင့် မျက်မမြင်စွမ်းအားရှင်များအား အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ကျင်းပရေးကော်မတီ ဖုန်း-၃၈၂၅၆၅၊ ၂၅၁၄၁၇၊ ၂၅၁၉၈၉ နှင့် ၂၅၂၁၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကိုချစ်)

# ကျောက်မျက်ရတနာ အချောထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**သတ္တုတွင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကျောက်မျက်ရတနာ အချောထည် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။** (သတင်းစဉ်)





**နေပြည်တော် အောက်တိုဘာ ၃**

ကျောက်မျက်ရတနာ အချောထည် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ Conference Hall ၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့နှင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့မှ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနာယက ဦးအောင်ကိုဝင်း၊ ဒုတိယဥက္ကဋ္ဌများနှင့် ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မိုးကုတ်နယ်အသင်းရုံးခွဲများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က ကျောက်မျက်ရတနာ အချောထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များ၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များ၌ ကျောက်မျက်ရတနာ အချောထည်များ ထုတ်လုပ်ရောင်းချရာတွင် နိုင်ငံတော်သို့ ထိုက်သင့်သည့် အခွန်အခများပေးဆောင်ပြီး လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးနှင့် နေပြည်တော်တွင် ရတနာဈေးတည်ဆောက် အကောင်အထည်ဖော်သွားမည့် အစီအစဉ်တို့ကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း နာယက၊ ဒုတိယဥက္ကဋ္ဌနှင့် နယ်အသင်းရုံးခွဲများမှ တာဝန်ရှိသူများက ကျောက်မျက်ရတနာ အချောထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ကျောက်မျက်ရတနာအချောထည်များကို ပြည်ပသို့ တင်ပို့ရောင်းချရာတွင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များ၌ သတ္တုတွင်းဝန်ကြီးဌာနနှင့် ပူးပေါင်း၍ One Stop Service လုပ်ငန်းများ ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် ရတနာအချောထည် လုပ်ငန်းများအတွက် လိုအပ်သည့် စက်ကိရိယာပစ္စည်းများ တင်သွင်းနိုင်မည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဖြည့်စွက်ဆွေးနွေး ပြောကြားကြပြီး တက်ရောက်လာကြသူများက ကျောက်မျက်ရတနာအချောထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။ (သတင်းစဉ်)

# ရွှေဘိုနှင့်ကန့်ဘလူမြို့နယ်တို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးမှု ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၃

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် အောက်တိုဘာ ၁ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပြည်ရွှေဘိုဧည့်ရိပ်သာ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရွှေဘိုခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးရုံးတို့မှ ဝန်ထမ်းများအားတွေ့ဆုံသည်။**

ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် ကန့်ဘလူမြို့နယ် ဆိပ်ဖူးမြောင်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာကိုယ့်အား ကိုယ်ကိုး မူလတန်းကြိုကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်း စိစစ်ကြီးကြပ်ရေးအဖွဲ့ဝင်များက အများပြည်သူရှုံးပိတ်ရက်၌ ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးနှင့် စပ်လျဉ်းသည့် သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၂ ရက် နံနက် ၈ နာရီတွင် ကန့်ဘလူမြို့နယ် ဦးစီးဌာနမှူးရုံး၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်း စိစစ်ကြီးကြပ်ရေးအဖွဲ့ဝင်များအားတွေ့ဆုံပြီး မြို့နယ်ဦးစီးဌာနမှူးရုံး မှတ်တမ်းခန်းအတွင်း မှတ်တမ်းဖိုင်များ ထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား မှတ်တမ်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ထားရှိရေး၊ မှတ်တမ်းဖိုင်များထုတ်/သွင်းထားသိုမှု စနစ်တကျ ဆောင်ရွက်ကြရေးမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)





**ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ စာရင်းစစ်မှူးနှင့်အထက် ဝန်ထမ်းများအား ဆွေးနွေးမှာကြားစဉ်။** (သတင်းစဉ်)

# လုပ်ရည်ကိုင်ရည်တော်သူများကို ထိုက်တန်စွာ ချီးမြှောက်၍ ဝန်ထမ်းကျင့်ဝတ် စည်းကမ်း ချိုးဖောက်သူများကို ထိရောက်စွာ အရေးယူမည်

**နေပြည်တော် အောက်တိုဘာ ၃**

ပြောင်းလဲလာသည့် နိုင်ငံတော်ဖွဲ့စည်းပုံနှင့် အုပ်ချုပ်ပုံအရ စာရင်းစစ်များအနေဖြင့် ပြည်သူလူထု၏ အကျိုးကို အလေးထားပြီး စစ်ဆေးရေးလုပ်ငန်းရပ်များကို သွက်လက်ထိရောက်စွာ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ နစ်နာဆုံးရှုံးမှုများ၊ မသမာမှုများ၊ အလွဲသုံးစားမှုကို ဖော်ထုတ်ဟန့်တားနိုင်မှသာ ပြည်သူလူထုအကျိုးကို ဖော်ဆောင်ရာရောက်မည်ဖြစ်ကြောင်း၊ စစ်ဆေးရာတွင် လစ်ဟာမှု၊ ချို့ယွင်းအားနည်းမှုများ မရှိဘဲ စစ်ဆေးဖော်ထုတ်ရန်နှင့် စစ်ဆေးရေးလုပ်ငန်း စွမ်းဆောင်ရည်များ တိုးတက်အောင် အစဉ်လေ့လာဆည်းပူး ကြိုးစားအားထုတ်ရန် အထူးလိုအပ်ကြောင်း၊ စာရင်းစစ်များအနေဖြင့် အဂတိလိုက်စားခြင်းမရှိဘဲ တည်ကြည်ဖြောင့်မတ်စွာ စစ်ဆေးဆောင်ရွက်ကြရန်နှင့် ဆောင်ရန်ရှောင်ရန် ကျင့်ဝတ်များကို တိကျစွာလိုက်နာ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ လုပ်ရည်ကိုင်ရည်တော်သူများကို ထိုက်တန်စွာ ချီးမြှောက်သွားမည်ဖြစ်သကဲ့သို့ ဝန်ထမ်းကျင့်ဝတ် စည်းကမ်းများ ချိုးဖောက်သူများကိုလည်း ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၁၀ နာရီတွင်နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးလွန်းမောင်က စာရင်းစစ်မှူးနှင့်အထက်ဝန်ထမ်းများအား တွေ့ဆုံ၍ ဆွေးနွေးမှာကြားသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ်၊ ညွှန်ကြားရေးမှူးချုပ်(တာဝန်)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ အရာရှိများနှင့် စာရင်းစစ်မှူးများ စုစုပေါင်းဝန်ထမ်း ၁၈၅ ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)



**ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၄ ရက်က အဆိုပါကျောင်း မြရတနာခန်းမ၌ ကျင်းပရာ ဆဋ္ဌမတန်းမှ ပညာရည်ချွန်ပထမဆုရရှိသော မောင်နေသွေးအား ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဦး ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (ပညာရေး)

# မြစ်ကြီးနားမြို့၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား မိုင်းဖောက်ခွဲရန်လာသူကိုယ်တိုင် မိုင်းတပ်ဆင်အသက်သွင်းနေစဉ် ရုတ်တရက်ပေါက်ကွဲပြီး ထိမှန်သေဆုံး

**နေပြည်တော် အောက်တိုဘာ ၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ အောက်တိုဘာ ၂ ရက် ညပိုင်းတွင် ဝန်ထမ်းအိမ်ရာတစ်ခု၌ ခြံစည်းရိုးအနီး ပေါက်ကွဲမှုတစ်ခုဖြစ်ပွားပြီး မျက်နှာစိမ်း အမျိုးသားတစ်ဦး သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

ည ၇ နာရီ ၅၅ မိနစ်ခန့်တွင် မြစ်ကြီးနားမြို့ သီတာရပ်ကွက် သီတာလမ်းသွယ်ရှိ ဝန်ထမ်းအိမ်ရာ ခြံစည်းရိုးအနီး၌ ပေါက်ကွဲသံကြားရသဖြင့် ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ ခြံစည်းရိုးနှင့် နှစ်ပေခန့်အကွာတွင် သောင်းကျန်းသူဟု ယူဆရသည့် အသက်(၃၀)ခန့် အမျိုးသားတစ်ဦး ဝဲလက်ကောက်ဝတ်မှ ပြတ်ထွက်ဒဏ်ရာ၊ ယာလက်ချောင်းများ အရင်းမှ ပြတ်ထွက်ဒဏ်ရာနှင့် ဝမ်းဗိုက်တစ်ခုလုံး ပွင့်ထွက်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း သိရသည်။

ဇင်းနေရာတစ်ဝိုက် စစ်ဆေးတွေ့ရှိချက်များအရ ပြည်သူလူထုအား ထိခိုက်သေကျေဒဏ်ရာရရှိစေရန်၊ ထိတ်လန့်ကြောက်ရွံ့စေရန်နှင့် မြို့၊ ရွာ၊ ရပ်ကွက်အတွင်း မတည်မငြိမ်ဖြစ်စေရန် စသည့်အကြံဆိုးဖြင့် မိုင်းဖောက်ခွဲရန်လာသူကိုယ်တိုင် မိုင်းထောင်ရန် တပ်ဆင်အသက်သွင်းနေစဉ် ရုတ်တရက်ပေါက်ကွဲပြီး ထိမှန်သေဆုံးခဲ့ခြင်း ဖြစ်နိုင်ကြောင်း၊ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ အသေးစိတ် ဆက်လက်စုံစမ်းစစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

○ **ရှေ့ဖုံးမှ**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြန်လည်ဖြေကြားသည်။

ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်၏ **လယ်ယာစိုက်ပျိုးရေးအထောက်အကူပြု စက်ယန္တရားနှင့် စက်ပစ္စည်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား အကောက်ခွန်လွတ် တင်သွင်းခွင့်ပြုနိုင်/မပြုနိုင်နှင့် ပြည်တွင်း၌ထုတ်လုပ်ခွင့်ပြုရန် ခွင့်ပြုချက်ပေးနိုင်/မပေးနိုင် တို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရန်အတွက် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများကဖြစ်စေ၊ ပုဂ္ဂလိကထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် များကဖြစ်စေ ပြည်ပမှမြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာသော“လယ်ယာသုံးကိရိယာ များ၊ လယ်ယာသုံး စက်ပစ္စည်းများ”ကို ၁၉၄၇ ခုနှစ် သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ)အက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(၁)၏ လုပ်ပိုင်ခွင့်ကိုကျင့်သုံးပြီး အမိန့်အမှတ် (၂/၉၃) ဖြင့်ထုတ်ပြန်ခဲ့သည့် ၁-၂-၁၉၉၃ ရက်မှစတင်၍ သွင်းကုန်လိုင်စင်ကြေး ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုထားပြီး ဖြစ်ပါကြောင်း။

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနကလည်း လယ်ယာသုံးစက်ကိရိယာများကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ၁၅-၉-၁၉၆၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၇၀)အရ အကောက်ခွန်ကင်းလွတ်ခွင့် ပြုပေးခဲ့ပါကြောင်း၊ အမှတ်(၂)စက်မှုဝန်ကြီး ဌာနတွင် လယ်ယာသုံးစက်ပစ္စည်းများကိုထုတ်လုပ်လျက်ရှိသော စက်ရုံကြီး(၃)ရုံရှိပါ ကြောင်း၊ လယ်ယာသုံးစက်ပစ္စည်းများထုတ်လုပ်မှုအနေဖြင့် အမှတ်(၁၆) အထွေထွေ အကြီးစားစက်ရုံ(ဆင်တဲ)မှ လက်တွန်းထွန်စက်၊ (၄)လက်မရေစုပ်စက်၊ (၂)လက်မ ရေစုပ်စက်၊ (၁၆)သွားထွန်၊ (၃)သွားထယ်၊ (၃)သွားပါဝါထယ်၊ ပေါက်ပြား၊ ဂေါ်ပြား နှင့်ရေစုပ်ပန့်တို့ကို လည်းကောင်း၊ အမှတ်(၁၇) အထွေထွေအကြီးစားစက်ရုံ(မလွန်)မှ မြင်းကောင်ရေ(၉၀)ရှိ ထွန်စက်အကြီး (၄)တန်နောက်တွဲယာဉ်၊ စပါးခြွေလှေ့စက်နှင့် တစ်နေ့လျှင် (၃/၅)တန်ကျ ဆန်စက်ငယ်တို့ကိုလည်းကောင်း၊ အမှတ်(၁၈) အထွေထွေ အကြီးစားစက်ရုံ(အင်းကုန်း)မှ စပါးရိတ်သိမ်းခြွေလှေ့စက်နှင့် မြင်းကောင်ရေ(၂၂)ရှိ အင်ဂျင်တို့ကိုလည်းကောင်း အသီးသီး ထုတ်လုပ်လျက်ရှိပါကြောင်း။**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကိုအခြေခံဆောင်ရွက်လျက် ရှိရာ စက်မှုလယ်ယာကဏ္ဍကို အသွင်ကူးပြောင်းရာတွင် မဖြစ်မနေလိုအပ်သော လယ်ယာသုံးစက်ပစ္စည်းများကို နိုင်ငံတော်ပိုင် စက်ရုံတစ်ခုတည်းမှထုတ်လုပ်ခြင်းဖြင့် လုံလောက်မှုရှိနိုင်မည်မဟုတ်သည့်အတွက် ပြည်ပမှစက်ပစ္စည်းများ တင်သွင်းသည့်အပြင် ပြည်တွင်း၌ထုတ်လုပ်နိုင်ရေးအတွက်လည်း ခွင့်ပြုပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြား သည်။

မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **သယ်ယူပို့ဆောင်စရိတ်ကျဆင်းလာပြီး ကုန်သွယ်မှုမြင့်တက်လာစေရန်လည်းကောင်း၊ ဒေါ်လာနှင့်မြန်မာငွေကြေးလဲလှယ်ရာတွင် စျေးနှုန်းကျဆင်းမှုကြောင့် သက်ရောက်လျက်ရှိသောဆိုးကျိုးများကို ကာကွယ်ရန် အတွက်လည်းကောင်း ခေတ်စနစ်နှင့်အညီ လုပ်ထုံးလုပ်နည်းများကို ပြန်လည်ပြင်ဆင်၍ မော်တော်ယာဉ်နှင့်လုပ်ငန်းသုံးယာဉ်များကို တင်သွင်းခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ သိရှိ လိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သည် မော်တော်ယာဉ်များ၊ လုပ်ငန်းသုံးယာဉ်များနှင့် ယန္တရားယာဉ်များ လိုင်စင်



**အမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဆွေ မေးမြန်းစဉ်။** (သတင်းစဉ်)



**မြင်းခြံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့် မေးမြန်းစဉ်။** (သတင်းစဉ်)

လျှောက်ထားမှုနှင့်ပတ်သက်ပြီး သွင်းကုန်လုပ်ငန်းရှင်များအား လွတ်လပ်စွာ တင်သွင်း လျှောက်ထားနိုင်ရန် ထရပ်ကားများအတွက် လွန်ခဲ့သော(၇)နှစ်အတွင်း ထုတ်လုပ်သော ယာဉ်/ဘယ်မောင်းယာဉ်များဖြစ်ပါက တင်သွင်းခွင့်ပြုရန်၊ ယန္တရားယာဉ်များအတွက် လွန်ခဲ့သော(၇)နှစ်အတွင်း ထုတ်လုပ်သော ယာဉ်များဖြစ်ပါက တင်သွင်းခွင့်ပြုရန်၊ မီနီ ဘတ်စ်နှင့်ဘတ်စ်ကားကြီးများကို အသစ်ဘယ်မောင်းယာဉ်များဖြစ်ပါက တင်သွင်းခွင့် ပြုရန် ဟူသည့်မူ ချမှတ်ဆောင်ရွက်ထားရှိပါကြောင်း။

လက်ရှိအခြေအနေတွင် နိုင်ငံတော်အစိုးရသည် ပြည်သူများ၏အကျိုးငှာ ခေတ် စနစ်နှင့်အညီ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ အိုမင်းဟောင်းနွမ်း နေသော ပုဂ္ဂလိကပိုင် မော်တော်ကားများ အစားထိုးလဲလှယ်နိုင်ရေးစီစဉ်ဆောင်ရွက် နေပြီဖြစ်ပါကြောင်း၊ ဆောင်ရွက်မည့် အစီအစဉ်ကို စက်တင်ဘာ(၁၁)ရက်ထုတ် သတင်းစာများတွင် အသေးစိတ်ဖော်ပြထားပြီးဖြစ်ပါကြောင်း၊ ထိုသို့လဲလှယ်ရန်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ ပါကြောင်း။

**သက်တမ်းလွန်ယာဉ်များ အပ်နှံပြီးပါက မှတ်ပုံတင်သက်တမ်းကြာမြင့်သော ဖျက်သိမ်းယာဉ်များအတွက် အဖွဲ့၏ထောက်ခံချက်ပုံစံ(ဃ)ဖြင့် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန နေပြည်တော် ရုံးအမှတ်(၃)တွင် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဌာနတို့မှ ဝန်ထမ်းများပါဝင်သော ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ဖြင့် နေ့ချင်းပြီး ဆောင်ရွက် ပေးလျက်ရှိပါကြောင်း၊ အများပြည်သူအဆင်ပြေစေရေးအတွက် လိုအပ်ပါက ရုံးပိတ်ရက်များတွင်ပါ ပါမစ်ထုတ်ပေးရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံ စသည့်နိုင်ငံများမှ ကားထုတ်လုပ်သည့် ကုမ္ပဏီများနှင့်ဆက်သွယ်ပြီး မြန်မာနိုင်ငံတွင် ယာဉ်အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနိုင်ရေး ခွင့်ပြုပေးသွား မည်ဖြစ်ပါကြောင်း၊ အပ်နှံသည့်ယာဉ်ဟောင်းအမျိုးအစားအလိုက် လူစီးယာဉ်၊ လိုက်ထရပ်၊ ထရပ်နှင့် ဘတ်(စ်)အမျိုးအစားများကို လျှောက်ထားခွင့်ပြုမည် ဖြစ်ပါ ကြောင်း။**

နိုင်ငံခြားပို့ကုန်လုပ်ငန်း၊ ဟိုတယ်ခရီးသွားလာမှုလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လုပ်ကိုင်သူများ၊ နိုင်ငံခြားတွင် တရားဝင်သွားရောက် အလုပ်လုပ်နေသူများနှင့် **သင်္ဘောသားများသည် နိုင်ငံတော်ဘဏ်များတွင် တရားဝင်နိုင်ငံခြားငွေစုဆောင်း ထားရှိပါက မော်တော်ယာဉ်ဝယ်ယူခွင့်ပါမစ်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ခွင့်ပြုပေးသွားရန် အစီအစဉ်ရှိပါကြောင်း။**

ထို့ကြောင့် မော်တော်ယာဉ်များ စျေးကြီးပေးဝယ်နေရခြင်း၊ မော်တော်ယာဉ် ရှားပါးမှုကြောင့် လမ်းပန်းဆက်သွယ်ရေးတွင် စရိတ်စကကြီးမြင့်လာရခြင်းတို့အတွက် ခေတ်စနစ်နှင့်အညီ လုပ်ထုံးလုပ်နည်းများကို ပြန်လည်ပြင်ဆင်၍ နိုင်ငံတော်အစိုးရ အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင်၏ **မိုင်းယောင်းမြို့နယ်တွင် ယခင်နှစ်က ပိုလျှံသော စပါးများကိုပင်လျှင် ရောင်းချ၍ မရနိုင်သေးပါသဖြင့် တောင်သူလယ်သမား များမှာ အခက်အခဲများစွာနှင့် ရင်ဆိုင်နေရပါကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာက**



**ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။** (သတင်းစဉ်)

**မည်ကဲ့သို့ဖြေရှင်းပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် နောင်ဖြစ်ပေါ်လာမည့်လူဦးရေ သန်း(၁၀၀)အတွက် စားနပ်ရိက္ခာ လုံလောက်စေရန် စိုက်ဧရိယာတိုးချဲ့ခြင်း၊ တစ်ဧကအထွက်နှုန်းတိုးတက်စေခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်ပြီး ပြည်တွင်းစားသုံးမှုဖူလုံအောင် စိုက်ပျိုးထုတ်လုပ်၍ စားသုံးပြီးနောက် ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချရေး ဆန်စပါးမူဝါဒချမှတ်ထားခြင်းဖြစ်ပါ ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း စစ်ဆေးရေးဂိတ်များထားရှိမှုကို မေးမြန်း စုံစမ်းချက်အရ ကျိုင်းတုံ-မိုင်းလားလမ်းတွင် တာပင်းဂိတ်၊ ကျိုင်းတုံ- မိုင်းယန်း လမ်းတွင် ဝမ်တာပုံဂိတ်၊ မိုင်းခတ်ဂိတ်၊ မိုင်းယန်းဂိတ်၊ ကျိုင်းတုံ-တာချီလိတ်လမ်းတွင် ကျိုင်းတုံ ပူးပေါင်းဂိတ်၊ မိုင်းဖြတ်ပူးပေါင်းဂိတ်၊ မယ်ယန်းပူးပေါင်းဂိတ်၊ မိုင်းယောင်းမှအထွက်တွင် မိုင်းယုဂိတ်ရှိသည်ဟု သိရှိရပါကြောင်း၊ အဆိုပါဂိတ်များအနေဖြင့် လက်နက်နှင့် ဖောက်ခွဲရေးပစ္စည်းများ တရားမဝင်သယ်ယူမှု မရှိစေရေး၊ နိုင်ငံတော်က တားမြစ် ထားသည့် ကန့်သတ်ကုန်ပစ္စည်းများ၊ မူးယစ်ဆေးဝါးများ ဝင်ရောက်မှု မရှိစေရေး၊ တရားမဝင်မှောင်ခိုထွက်ရှိမှုမရှိစေရေးတို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာ ဌာနများပါဝင်သည့်အဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်နေခြင်းသာဖြစ်သည်ကို သိရှိပါ ကြောင်း။

**ဆန်စပါးအပါအဝင် လယ်ယာထွက်ကုန်သီးနှံများအားလုံးကို ပြည်တွင်းစားသုံး မှုမှ ပိုလျှံပါက ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် တရား မဝင် မှောင်ခိုထွက်ရှိမှုများကို တားဆီးကာကွယ်သွားကြရမည်ဖြစ်ပါကြောင်း၊ ဆန်စပါး သည် မြန်မာနိုင်ငံ၏ အဓိကကျသော စားသုံးသီးနှံဖြစ်သည့်အတွက် ပြည်တွင်းစားသုံးမှု ဖူလုံရေး၊ စားသုံးပြီးပိုလျှံမှုသာ ပြည်ပသို့ စနစ်တကျ စိစစ်တင်ပို့ရေးတို့ကို ဆောင်ရွက် ရခြင်းဖြစ်ပါကြောင်း၊ မလိုလားအပ်သော ဆန်စျေးကြီးမြင့်မှုနှင့် တစ်ဖက်နိုင်ငံသို့ တရားမဝင် မှောင်ခိုစီးထွက်မှုများမရှိစေရေးအတွက် အလေးထားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ပြည်ပသို့ ဆန်တင်ပို့ခြင်းအား နယ်စပ်ဒေသမှတင်ပို့လိုပါက သက်ဆိုင်ရာ ပြည်နယ်အစိုးရက မိမိပြည်နယ်အတွင်း စားသုံးမှုဖူလုံပြီး ပိုလျှံမှုပမာဏကိုတာဝန်ယူ တွက်ချက်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားသင့်ပါကြောင်း။**

ထို့ကြောင့် မိုင်းယောင်းမြို့နယ်အပါအဝင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ထွက်ရှိ သော ဆန်စပါးများကို ပြည်တွင်း၌ လွတ်လပ်စွာဝယ်ယူရောင်းချခြင်း၊ လွတ်လပ်စွာ စီးဆင်းခြင်းများ ဆောင်ရွက်နိုင်ပါကြောင်းနှင့် ပြည်နယ်တွင်း ပိုလျှံမှုရှိသည်များအား ပြည်ပသို့ နယ်စပ်ကုန်သွယ်ရေးစနစ်ဖြင့် တင်ပို့ရောင်းချခြင်းကို ပြည်နယ်အစိုးရမှ တစ်ဆင့် ပြည်ထောင်စုအစိုးရသို့ တင်ပြဆောင်ရွက်နိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည်၏ **အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်မှုလုပ်ငန်းရှင်များ က စက်အသစ်များသာမက ပြန်လည်ပြုပြင်ထားသော စက်များအပါအဝင် သုံးလက်စ စက်အဟောင်းများကိုပါ တင်သွင်းခွင့်ပြုနိုင်ရန် ကုန်သွယ်ရေးမူဝါဒကို ပြန်လည်ပြင်ဆင်ပေး ရန် ဆန္ဒရှိကြပါသဖြင့် ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် စက်ပစ္စည်းများနှင့်ပတ်သက်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များအား စက်အသစ် (Brand New) အားလုံးကို ကန့်သတ်မှုမရှိဘဲ တင်သွင်းခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ ပြန်လည်ပြုပြင် ထားသည့်(Reconditioned) စက်ပစ္စည်းများအတွက်မူ စက်မှုကဏ္ဍဖွံ့ဖြိုးရေးတွင် အဓိကအရေးပါသည့် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများအတွက် တင်သွင်းရန် ခွင့်ပြုပေးထားခြင်းများကို ဆောင်ရွက်ခွင့်ပေးထားပါကြောင်း၊ ထို့ပြင် ပြည်တွင်းကုန် ထုတ်လုပ်ငန်းများအတွက် စက်ရုံတည်ထောင်ရင်းနှီးမြှုပ်နှံသော ပုဂ္ဂလိကလုပ်ငန်းရှင် များအား ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ(ငှားရမ်းခြင်း အပါ အဝင်)ဆောင်ရွက်နိုင်ရန် ပြန်လည်ပြုပြင်ထားသည့်စက်ပစ္စည်းများကို စည်းကမ်း ချက်များနှင့်အညီတင်သွင်းခွင့်ပြုထားပါကြောင်း၊ ပြည်ပမှမော်တော်ယာဉ်များ၊ လုပ်ငန်း သုံးယာဉ်များနှင့်ယန္တရားများကိုတင်သွင်းခွင့်ပြုရာတွင် အသစ်နှင့် အပြည့်အဝပြုပြင်ပြီး ယာဉ်များကိုလည်း တင်သွင်းခွင့်ပြုထားပါကြောင်း၊ ထို့ကြောင့် **ပြုပြင်ပြီးယာဉ်များအား တင်သွင်းခွင့်ပြုထားခြင်းသည် သုံးလက်စ(Used) စက်ပစ္စည်းအဟောင်းများကို တင်သွင်းခြင်းထက်ပို၍ စိတ်ချလုံခြုံမှုရရှိစေပါကြောင်း၊ သုံးလက်စများကိုသာ အကန့်အသတ်မရှိ တင်သွင်းခွင့်ပြုမည်ဆိုပါက မိမိနိုင်ငံအတွင်းသို့ အခြားနိုင်ငံမှ အသုံးမဝင်တော့သည့်စက်ပစ္စည်းအဟောင်းများ စုပြုံဝင်ရောက်လာမည်ဖြစ်ခြင်း၊ စက် ပစ္စည်း အဟောင်းများ စုပြုံလာနိုင်ခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများဖြစ်ပေါ် လာနိုင်ခြင်း၊ စက်ပစ္စည်းအဟောင်း Spare part ရရှိမှုနည်းပါးနိုင်ခြင်း၊ Spare part ရရှိမှုနည်းပါးသည့်အတွက် စက်ရုံ/ အလုပ်ရုံ လည်ပတ်မှုရပ်ဆိုင်းလာနိုင်ခြင်း၊ စက်ပစ္စည်းအဟောင်းများကြောင့် စက်ရုံထုတ်ကုန်ပစ္စည်းများ အရည်အသွေးညံ့ဖျင်း နိုင်ခြင်း၊ မိမိနိုင်ငံထုတ်ကုန်ပစ္စည်းများ စံချိန်စံညွှန်းနှင့်မကိုက်ညီပါက နိုင်ငံတကာ စျေးကွက်ကို မထိုးဖောက်နိုင်ခြင်းတို့ဖြစ်ပေါ်လာနိုင်ရာ ရေရှည်တွင် မိမိနိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင်၏ **နယ်စပ်ကုန်သွယ်ရေးစခန်းရှိသော တိုင်း ဒေသကြီးနှင့် ပြည်နယ်များ၏ ဘဏ္ဍာငွေရရှိရေးအတွက် နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းမှရရှိသည့် အခွန်အခအရပ်ရပ်တို့ကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ရာခိုင်နှုန်းသတ်မှတ်၍ ခွဲဝေပေး နိုင်ခြင်း ရှိ/မရှိ၊ အခြားအိမ်နီးချင်းနိုင်ငံများနှင့်နယ်နိမိတ်ထိစပ်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စစ်ဆေးရေးစခန်းများနှင့် တရားမဝင် ဝင်ထွက်ပေါက်များမှ တစ်ဆင့် နယ်စပ်ကုန်သွယ်မှုဖြစ်အောင် စီမံဆောင်ရွက်ပေးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ဘဏ္ဍာငွေဖြည့်တင်းရေးစီမံဆောင်ရွက်နိုင်ခြေ ရှိ/မရှိ တို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ် ကုန်သွယ်ရေးဦးစီးဌာနလက်အောက်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကောက်ခံ ရရှိသောအခွန်အခသည် သွင်းကုန်လိုင်စင်ကြေးတစ်ခုတည်းသာရှိပါကြောင်း၊ အဆိုပါ ရရှိသည့်သွင်းကုန်လိုင်စင်ကြေးများကိုလည်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းလျက်ရှိပါကြောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီး ဌာနက နယ်စပ်မှ ကုန်သွယ်မှုပြုလုပ်သည့်ကုန်ပစ္စည်းများအပေါ် ကင်းလွတ်ခွင့်ပြုထား သည့် အချို့ကုန်စည်များမှအပ ကျန်ပို့ကုန်များအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို လည်းကောင်း၊ သွင်းကုန်များအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကိုလည်းကောင်း၊ အကောက် ခွန်ဦးစီးဌာနက သွင်းကုန်အပေါ် အကောက်ခွန်ကိုလည်းကောင်း ကောက်ခံလျက်ရှိပါ ကြောင်း။

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၁(က)အရ အဆိုပါအခွန်အကောက်များသည် ဇယား ၅ ပါ တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများတွင်ပါဝင်ခြင်းမရှိသည့် အတွက် ပြည်ထောင်စုအစိုးရကကောက်ခံပြီး ပြည်ထောင်စုရန်ပုံငွေသို့ပေးသွင်းရသော အခွန်အကောက်များဖြစ်ပါကြောင်း၊ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၅၄(က)၊ (ခ)နှင့် ဇယား ၅ တို့၌ တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရများက ကောက်ခံရမည့် အခွန်အခများနှင့်စပ်လျဉ်း၍ ခွင့်ပြုပြဋ္ဌာန်းထားပါကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ကောက်ခံရရှိသည့်အခွန်အကောက်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ရာခိုင်နှုန်းသတ်မှတ်၍ ခွဲဝေပေးရန် သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိပါကြောင်း။

**မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံများနှင့်ဆက်စပ်နေသော နယ်စပ်ဒေသများတွင် နယ်စပ်ကုန်သွယ်ရေးစခန်း(၁၂)ခုကို ဖွင့်လှစ်ထားပြီး နယ်စပ်ဖြတ်ကျော်ပုံမှန်ကုန်သွယ်ရေး များ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးမှရရှိလာ သောအခွန်အခများကိုလည်း ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေသို့ ထည့်သွင်းစေလျက် ရှိပါကြောင်း၊ တရားမဝင် ဝင်ထွက်ပေါက်များမှ ကုန်သွယ်မှုလုပ်ငန်းများကိုလည်း မပြုလုပ်နိုင်စေရန်ပိတ်ဆို့တားဆီးပြီး တရားဝင် နယ်စပ်စခန်းများမှ ရောင်းဝယ်မှုပြုလုပ် နိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တရားမဝင် ဝင်ထွက်ပေါက်များကို တရားဝင် နယ်စပ်ကုန်သွယ်ရေးစခန်းအဖြစ် ပြောင်းလဲဖွင့်လှစ်နိုင်ရန်အတွက် နယ်စပ် ကုန်သွယ်မှုစခန်း ဖွင့်လှစ်မည့်ဒေသတွင်း လုံခြုံအေးချမ်းမှုရှိခြင်း၊ လမ်းပန်းဆက်သွယ်မှု အခြေအနေသည် ကုန်သွယ်မှုချောမွေ့စွာဆောင်ရွက်နိုင်မည့်အဆင့်အထိကောင်းမွန်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးကောင်းမွန်ပြီး နှစ်နိုင်ငံစလုံးက နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်ရေး ညှိနှိုင်းသဘောတူညီချက်များရရှိပြီးဖြစ်ရန်လိုခြင်း၊ နယ်စပ်ကုန်သွယ်မှုစခန်းသစ်ဖွင့်လှစ် ရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ၊ အကောက်ခွန်ဆိုင်ရာ၊ ဘဏ်လုပ်ငန်း ဆိုင်ရာ ညှိနှိုင်းသဘောတူညီချက်များရရှိပြီး ဆောင်ရွက်နိုင်ခြင်း၊ နှစ်နိုင်ငံပို့ကုန်သွင်းကုန် အပြန်အလှန်မျှတစွာ ကုန်သွယ်နိုင်သည့်ပမာဏရှိရန် လိုအပ်ခြင်း၊ အခြားတိုင်း ဒေသကြီးများ၊ ပြည်နယ်များနှင့်ချိတ်ဆက်ကာ ကုန်သွယ်မှုပြုနိုင်ခြင်း စသည့်အချက်များ နှင့် ပြည့်စုံရန် လိုအပ်ပါကြောင်း။**

သို့ဖြစ်၍ နယ်စပ်စခန်းများမှ ကောက်ခံရရှိသောအခွန်အရပ်ရပ်တို့ကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့သာ ပေးသွင်းလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ၏ **အပြည်ပြည်ဆိုင်ရာ ပင်လယ်ပြင်ဥပဒေတရားရုံး ၌ ကြားနာစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည့် မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ပင်လယ်ပြင်နယ်နိမိတ် သတ်မှတ်ရေးကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆောင်ရွက်ခဲ့မှုနှင့် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က မြန်မာနိုင်ငံနှင့် ဘင်္ဂလား ဒေ့ရှ် နိုင်ငံတို့သည် ဘင်္ဂလားပင်လယ်အော်တွင် ပိုင်နက်ပင်လယ်၊ သီးသန့်စီးပွားရေး ဇုန်၊ ကမ်းလွန်ရေတိမ်ပိုင်းစသည့် ပင်လယ်နယ်နိမိတ်သတ်မှတ်ရေးနှင့် စပ်လျဉ်း၍ ၁၉၇၄ ခုနှစ်မှစတင်လျက် ၂၀၀၉ ခုနှစ်အထိ နှစ်နိုင်ငံမှကိုယ်စားလှယ်များပါဝင်သော technical team များ အပြန်အလှန် စေလွှတ်လျက် ဆွေးနွေးညှိနှိုင်းမှုများကို အကြိမ်ကြိမ် ပြုလုပ်ခဲ့ပါကြောင်း၊ ထိုသို့ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့သော်လည်း နှစ်နိုင်ငံအကြား တိကျသော၊ လက်ခံနိုင်သော သဘောတူညီချက် တစ်စုံတစ်ရာ ရရှိခဲ့ခြင်းမရှိသည့် အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ၈-၁၀-၂၀၀၉ ရက်တွင် ပင်လယ်ပြင်နယ်နိမိတ် သတ်မှတ်ရေးနှင့်စပ်လျဉ်း၍ ဥပဒေကြောင်းအရ ဖြေရှင်းလိုကြောင်း စတင်၍ အဆိုပြုတောင်းဆိုခဲ့ပါကြောင်း။

**ဘင်္ဂလားဒေ့ရှ်မှစတင်အဆိုပြုခဲ့သောကိစ္စနှင့်စပ်လျဉ်း၍ ပြန်လည်ဖြေရှင်း ဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့၏ ၂၉-၁၀-၂၀၀၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၀၉)ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများပါဝင်သည့် မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်လယ်နယ်နိမိတ်အငြင်းပွားမှုဖြေရှင်းရေးကိစ္စနှင့် ပတ်သက်၍ အထူးလုပ်ငန်းဦးစီးအဖွဲ့ကို စုစုပေါင်းအဖွဲ့ဝင်(၂၇)ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ထိုစဉ်က ရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်သည့် ဥပဒေရေးရာ ကျွမ်းကျင်သူများအဖွဲ့၊ ပမ္မဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်သန်း အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်သည့် နည်းပညာကျွမ်းကျင်သူများ အဖွဲ့၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင် သည့် အုပ်ချုပ်ထောက်ပံ့မှုအဖွဲ့များကိုလည်း ထိုအမိန့်ကြော်ငြာစာဖြင့် ဆက်လက်၍ ဖွဲ့စည်းခဲ့ပါကြောင်း။**

ပင်လယ်ပြင်ဥပဒေဆိုင်ရာ အပြည်ပြည်ဆိုင်ရာတရားရုံး (ITLOS)တွင် ယခု ကိစ္စကိုဖြေရှင်းရန် ဘင်္ဂလားဒေ့ရှ်ဘက်မှ ၁၃-၁၂-၂၀၀၉ ရက်တွင်အဆိုပြုခဲ့ပါကြောင်း၊ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ITLOS မှ ၁၄-၁၂-၂၀၀၉ ရက်စွဲပါစာဖြင့် မြန်မာနိုင်ငံသို့ အကြောင်းကြားခဲ့ပါကြောင်း၊ မြန်မာနိုင်ငံကလည်း ITLOS သို့သွားရန်သဘောတူခဲ့ပါ ကြောင်း၊ ယင်းသို့သဘောတူရခြင်းမှာ အငြင်းပွားမှုများအား ဒေသတွင်းနိုင်ငံများ၏ ငြိမ်းချမ်းရေးကို ကုလသမဂ္ဂပဋိညာဉ်စာတမ်းအရ ငြိမ်းချမ်းစွာဖြေရှင်းရန် ယင်း ပဋိညာဉ်စာတမ်း အခန်း(၆)တွင်ဖော်ပြထားရာ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ အနေဖြင့်လည်း ငြိမ်းချမ်းစွာ ဖြေရှင်းရန်

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

❒ စာမျက်နှာ ၆ မှ

တာဝန်ရှိသည့်အလျောက် လက်ခံခဲ့ခြင်းဖြစ်ပါကြောင်း၊ **အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ပင်လယ်ပြင်ဥပဒေကွန်ဗင်းရှင်းတွင် အငြင်းပွားမှုများအား ငြိမ်းချမ်းစွာ ဖြေရှင်းရေးနည်းလမ်း(၄)ရပ်ကို Article 287 တွင် ဖော်ပြထားရာ အပြည်ပြည်ဆိုင်ရာ ပင်လယ်ပြင်ဥပဒေတရားရုံးတွင်ဖြေရှင်းခြင်းသည် ပထမနည်းဖြစ်ပါကြောင်း၊ အားသာချက်အနေဖြင့် ယင်းတရားရုံးတွင်ဖြေရှင်းပါက ငြိမ်းချမ်းစွာဖြေရှင်းနိုင်သည့်အပြင် တရားရုံးစရိတ်စကများ အားလုံးကိုလည်း ကုလသမဂ္ဂကပင်ကျခံပါကြောင်း၊ သို့ဖြစ်၍ ITLOS တွင် ဖြေရှင်းရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံက အဆိုပြုခဲ့ခြင်းအပေါ် မြန်မာနိုင်ငံက လက်ခံခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် အငြင်းပွားမှုကို ငြိမ်းချမ်းစွာ ဖြေရှင်းသည့်နိုင်ငံအဖြစ် ကမ္ဘာကအသိအမှတ်ပြုခြင်းအကျိုးအမြတ်ရရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံက ၄-၁၁-၂၀၀၉ ရက်တွင် ITLOS ၏ စီရင်ပိုင်ခွင့်ကို လက်ခံကြောင်း ကြေညာခြင်းပြုခဲ့ရာမှ ယခုအခါ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ဘင်္ဂလား ပင်လယ်အော်တွင် နှစ်နိုင်ငံ ပင်လယ်နယ်နိမိတ်သတ်မှတ်ရေးကိစ္စနှင့် စပ်လျဉ်း၍ ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့တွင်တည်ရှိသော ITLOS တရားရုံးရှေ့သို့ အမှုအမှတ် ၁၆ ဖြင့် ဖြေရှင်းရန် ရောက်ရှိခဲ့ပါကြောင်း။**

အလျဉ်းသင့်၍ဖော်ပြရလျှင် အပြည်ပြည်ဆိုင်ရာပင်လယ်ပြင်ဥပဒေတရားရုံးသည် နိုင်ငံရေးကင်းပြီး တစ်ကမ္ဘာလုံးရှိ အပြည်ပြည်ဆိုင်ရာဥပဒေကိုကျွမ်းကျင်သောနိုင်ငံအသီးသီးမှလာသည့် တရားသူကြီးများဖြင့် ဖွဲ့စည်းထားပါကြောင်း၊ တရားသူကြီး(၂၁)ဦးပါဝင်ပြီး အငြင်းပွားသည့်နိုင်ငံ(၂)နိုင်ငံမှ Ad hoc judge ဟုခေါ်သော တရားသူကြီးတစ်ဦးစီကို တင်ပြနိုင်ပါကြောင်း၊ ထိုနှစ်ဦးသည် အမှုကိုဆုံးဖြတ်ရာတွင် အခြားတရားသူကြီးများနည်းတူ ဆောင်ရွက်ပိုင်ခွင့်ရှိပါကြောင်း၊ ယခုတရားရုံးဥက္ကဋ္ဌသည် ကာရစ်ဘီယန်ပင်လယ်ဒေသတွင်းရှိ Cape Verde မှ အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်ဖြစ်ပါကြောင်း၊ ဤရုံးသည် အပြည်ပြည်ဆိုင်ရာဥပဒေရေးရာ၊ ကျွမ်းကျင်မှုဆိုင်ရာပညာနှင့် ရေကြောင်းတိုင်းတာရေးပညာတို့အရ အမှုကိုဆုံးဖြတ်လေ့ရှိပါကြောင်း၊ ယခုအမှုမှာ တရားရုံး၏ပထမဦးဆုံးသော ပင်လယ်နယ်နိမိတ်သတ်မှတ်ရေး အမှုဖြစ်သည့်အတွက် တစ်ကမ္ဘာလုံးက စိတ်ဝင်စားလျက်ရှိပြီး တရားရုံး၏ Website တွင်လည်း အမှုအစမှအဆုံး ကမ္ဘာကိုပြသခဲ့ပါကြောင်း။

**နိုင်ငံတော်က ထိုစဉ်က ရှေ့နေချုပ်ရုံး၊ ဒုတိယရှေ့နေချုပ်ဒေါက်တာထွန်းရှင်အား အဆိုပါအမှုတွင် နိုင်ငံတော်၏ကိုယ်စားလှယ်အဖြစ်ခန့်အပ်ပြီး ဒုတိယကိုယ်စားလှယ်နှစ်ဦးကိုပါ ခန့်အပ်တာဝန်ပေးခဲ့ပါကြောင်း၊ ထို့နောက် ဒုတိယရှေ့နေချုပ်ခေါင်းဆောင်သောအဖွဲ့သည် ၂၀၁၀ပြည့်နှစ် ဇန်နဝါရီ ၂၅ ရက်မှ ၂၆ ရက်တို့တွင် ITLOS ဥက္ကဋ္ဌ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဒုတိယကိုယ်စားလှယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှေ့နေများနှင့် ကိုယ်တိုင်တွေ့ဆုံဆွေးနွေးလျက် ITLOS တွင် အမှုရင်ဆိုင်ဖြေရှင်းခြင်းဆိုင်ရာ အစီအစဉ်များနှင့် ရက်ချိန်းများကို ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါကြောင်း။**

ဥပဒေရေးရာကျွမ်းကျင်သူများအဖွဲ့ဥက္ကဋ္ဌနှင့်အတူ နည်းပညာကျွမ်းကျင်သူများအဖွဲ့၊ အုပ်ချုပ်ထောက်ပံ့မှုအဖွဲ့များ ညှိနှိုင်းတိုင်ပင်၍ ITLOS အမှုကိစ္စတွင် လိုက်ပါဆောင်ရွက်ရန် ကမ္ဘာပေါ်ရှိ ဥပဒေစနစ်ကြီး(၃)ရပ်ကို ကျွမ်းကျင်ပြီး ပင်လယ်ရေပြင်နယ်နိမိတ်သတ်မှတ်ရေးအမှုကိစ္စများတွင် အတွေ့အကြုံများစွာရှိသည့် နိုင်ငံပေါင်းစုံမှ အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အပြည်ပြည်ဆိုင်ရာ ပင်လယ်ပြင်ဥပဒေပါရဂူများ၊ ဥပဒေပညာရှင်အဖွဲ့နှင့် ပင်လယ်ပြင်တိုင်းတာရေးကျွမ်းကျင်သူများ၊ ရှေ့နေများအား ငှားရမ်းဆောင်ရွက်ခဲ့ပါကြောင်း။

တရားရုံး၌ အမှုရင်ဆိုင်ရာတွင် ပြည်တွင်းတရားရုံးများ၌ တရားမမှုစစ်ဆေးကြားနာခြင်းပုံစံနှင့် အနီးစပ်ဆုံးတူညီပါကြောင်း၊ အမှုတွင်အပိုင်းနှစ်ပိုင်းရှိပါကြောင်း၊ ပထမပိုင်းတွင် စာဖြင့်အဆိုအချေဟုခေါ်သော တစ်ဖက်နှင့် တစ်ဖက် အဆိုလွှာနှင့် အချေလွှာများတင်ပြရပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ အဆိုလွှာကို ၁-၇-၂၀၁၀ ရက်တွင်တင်သွင်းခဲ့ပြီး မြန်မာနိုင်ငံဘက်မှချေလွှာကို ၁-၁၂-၂၀၁၀ ရက်တွင် တင်သွင်းခဲ့ပါကြောင်း၊ ဆက်လက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှပြန်လွှာကို ၁၅-၃-၂၀၁၁ ရက်တွင် တင်သွင်းခဲ့ကာ မြန်မာနိုင်ငံဘက်မှပြန်ချေလွှာကို ၁-၇-၂၀၁၁ ရက်တွင် တင်သွင်းခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းနောက်တွင် ဒုတိယပိုင်းသို့ကူးသွားပြီး တရားရုံး၌အမှုကြားနာသည့်အပိုင်းကို ဆောင်ရွက်ရပါကြောင်း၊ ယခုသွားရောက်ခဲ့သည့် ခရီးစဉ်မှာ အမှုကြားနာခြင်းဖြစ်ပြီး ကြိုတင်ပြင်ဆင်မှုများပြုလုပ်သည့်ရက်များမပါ (၁၅)ရက်ဆက်တိုက် ကြာခဲ့ပါကြောင်း။

**ITLOS တွင် အမှုဖြေရှင်းနိုင်ရေးနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့်လုပ်ထုံးလုပ်နည်းများ၊ အစီအစဉ်များနှင့်အညီ မြန်မာနိုင်ငံဘက်မှချေလွှာတင်သွင်းခြင်း၊ ပြန်ချေလွှာတင်သွင်းခြင်းတို့ကို ဥပဒေရေးရာကျွမ်းကျင်သူများအဖွဲ့ခေါင်းဆောင်ဦးဆောင်သည့်မြန်မာအဖွဲ့နှင့် ပြည်ပရှေ့နေများအဖွဲ့တို့ အကြိမ်ကြိမ် အသေးစိတ်ဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီး တင်သွင်းနိုင်ခဲ့ပါကြောင်း၊ ဤသို့ဖြင့် စာဖြင့်အဆိုအချေပြုလုပ်ခြင်းပြီးဆုံး၍ နှစ်ဖက်လျှောက်လဲခြင်းသို့ ကူးပြောင်းသွားပါကြောင်း။**

**ယခုအခါ ITLOS တရားရုံးရှေ့၌ နှစ်ဖက်လျှောက်လဲချက်များကို ကြားနာစစ်ဆေးပြီး ဖြစ်ပါကြောင်း၊ ပထမအကြိမ် လျှောက်လဲကြားနာခြင်းအဖြစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ၈-၉-၂၀၁၁ ရက်မှ ၁၃-၉-၂၀၁၁ ရက်အထိလျှောက်လဲတင်ပြခဲ့ပြီး မြန်မာနိုင်ငံဘက်မှ အမှုအဖွင့်မိန့်ခွန်းကို ပြည်ထောင်စုရှေ့နေချုပ်က ပြောကြားခဲ့ကာ ၁၅-၉-၂၀၁၁ မှ ၂၀-၉-၂၀၁၁ ရက်အထိ လျှောက်လဲတင်ပြခဲ့ပါကြောင်း၊ ထို့နောက် မြန်မာနိုင်ငံ၏ရှေ့နေများက မြန်မာနိုင်ငံဘက်မှ ဥပဒေကြောင်းအရ လည်းကောင်း၊ ကျွမ်းကျင်မှုဆိုင်ရာပညာများအရလည်းကောင်း၊ ပင်လယ်ရေပြင်တိုင်းတာရေးပညာပိုင်းအရလည်းကောင်း၊ ဘူမိဗေဒပညာပိုင်းအရလည်းကောင်း ခိုင်မာစွာရပ်တည် လျှောက်လဲတင်ပြခဲ့ကြပါကြောင်း၊ ဒုတိယအကြိမ်လျှောက်လဲတင်ပြခြင်းကို ဘင်္ဂလားဒေ့ရှ်ဘက်မှ ၂၁-၉-၂၀၁၁ နှင့် ၂၂-၉-၂၀၁၁ရက်တို့တွင်လည်းကောင်း၊ မြန်မာနိုင်ငံဘက်မှ ၂၄-၉-၂၀၁၁ရက်တွင်လည်းကောင်း တင်ပြခဲ့ပါကြောင်း။**

**မြန်မာနိုင်ငံဘက်မှ ပြည်ထောင်စုရှေ့နေချုပ်နှင့်အတူ ငှားရမ်းထားသော ပြည်ပရှေ့နေများသည် ITLOS တရားရုံးရှေ့တွင် အပြည်ပြည်ဆိုင်ရာပင်လယ်ပြင်ဥပဒေရေးရာ အထောက်အထားများ၊ ကျွမ်းကျင်မှုပညာဆိုင်ရာ အထောက်အထားများ၊ ပင်လယ်ရေပြင်တိုင်းတာရေးပညာအထောက်အထားများနှင့် ဘူမိဗေဒသိပ္ပံဆိုင်ရာအထောက်အထားတို့ကို ကိုးကားတင်ပြခဲ့ပါကြောင်း၊ နှစ်နိုင်ငံကိုယ်စားလှယ်များက နိဂုံးချုပ်ပြောကြားရာတွင် ဤသို့ငြိမ်းချမ်းစွာဖြေရှင်းခြင်းဖြင့် မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုအားမြှင့်တင်ပေးမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့ကြပါကြောင်း။**

အဆိုပါအမှုကို ၂၀၁၂ခုနှစ် မတ်လတွင် ITLOS တရားရုံးက သမာသမတ်ရှိပြီး တရားမျှတမှုရှိသည့် အပြည်ပြည်ဆိုင်ရာပင်လယ်ပြင်ဥပဒေနှင့်အညီ မျှတသောရလဒ်ကိုဖော်ဆောင်သည့် အမိန့်ချမှတ်မည်ဟု ယုံကြည်မျှော်လင့်ရပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ပင်လယ်ပြင်နယ်နိမိတ် သတ်မှတ်ရေးအငြင်းပွားမှုတွင် တာဝန်ရှိသူများအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပင်လယ်ပြင်နှင့်ပတ်သက်၍ ပင်လယ်ပြင်ဥပဒေပိုင်းတွင် (၃)ပိုင်းရှိပါကြောင်း၊ ပထမ(၁)ပိုင်းကို ပိုင်နက်ပင်လယ်ဟုခေါ်ပြီး သာမန်အားဖြင့် ဥပဒေအရ(၁၂)မိုင်တည်ရှိပါကြောင်း၊ ဒုတိယတစ်ပိုင်းမှာ Continental Shelf ဖြစ်ပါကြောင်း၊ တတိယတစ်ပိုင်းသည် သီးခြားစီးပွားရေးဇုန်ဖြစ်ပြီး မိုင်(၂၀၀)ကျော် သွားပါက ကမ်းဝေးပင်လယ်ပြင်ဟုခေါ်သည့် စီးပွားရေးဇုန်သဘောမျိုးသက်ရောက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခုကိစ္စတောင်းဆိုသည့်နေရာတွင် Equidistance Method ကို အသုံးပြုပါကြောင်း၊ ကမ္ဘာတွင် ထိုနည်းကိုအသုံးပြုမှသာလျှင် တရားမျှတမှုရှိပြီး ၎င်းနည်းမရှိမှသာ တခြားနည်းကို အသုံးပြုလေ့ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ရပ်တည်ချက်သည် Equidistance Method ကို သုံးရန်ရှိသည့်အတွက် ယခုကဲ့သို့တောင်းဆိုခြင်းဖြစ်ပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ဥပဒေများနှင့်အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့တရားရုံးများက ချမှတ်သော စီရင်ထုံးများကိုကိုးကားခဲ့ပါကြောင်း၊ Equidistance Method ကို သုံးခြင်းအားဖြင့် နှစ်နိုင်ငံ တရားမျှတသော နယ်နိမိတ်သတ်မှတ်ချက်များရရှိနိုင်မှုအပေါ်မူတည်ပြီး မိမိဘက်ကနစ်နာမှုမရှိဘဲ တစ်ဖက်အတွက်လည်း တရားမျှတမှုရှိမည်ဟု ရှေ့နေများနှင့်ညှိနှိုင်းပြီး ရပ်တည်ခဲ့ပါကြောင်း၊ တစ်ဖက်က အသုံးပြုသည့်နည်းမှာ ၎င်းတို့၏ပညာအရ Angle by Sector ဟုခေါ်သည့်နည်းဖြစ်ပါကြောင်း၊ အသုံးပြုပုံနည်းအရ အကြောင်းပြချက်မှာ ထူးခြားသည့်အခြေအနေရှိသည့်အတွက် ၎င်းတို့ကိုပေးရန်ပြောကြားပါကြောင်း၊ မိမိတို့အနေဖြင့်ထူးခြားသည့်အခြေအနေမရှိကြောင်းကို ငြင်းဆိုခဲ့ပါကြောင်း၊ မိမိတို့ဘက်ကတောင်းသည့် မျဉ်းမှာ Equidistance Method အရ တောင်းခြင်းဖြစ်ပြီး ၎င်းတို့ကတောင်းသည့်မျဉ်းမှာ Angle by Sector နည်းအရ တောင်းခြင်း ဖြစ်ပါကြောင်း။

**တရားရုံး၏လုပ်ရိုးလုပ်စဉ်အရ တစ်ဖက်အမှုသည်၏တင်ပြချက်ကို နားထောင်ရသကဲ့သို့ အခြားတစ်ဖက်အမှုသည်၏တင်ပြချက်ကိုလည်း နားထောင်ရပါကြောင်း၊ ထို့နောက် မိမိဘက်မှကျွမ်းကျင်ပညာရှင်နှင့် ၎င်းတို့ဘက်မှကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးပြီးသည့်အခါ တရားရုံးက သီးခြားခေါ်သည့် တတိယကျွမ်းကျင်ပညာရှင်တစ်ယောက်ကို တရားသူကြီး(၂၃)ယောက်စလုံးက ခေါ်ယူကြားနာပါကြောင်း၊ ထိုသို့ကြားနာသည့်အခါ ကျွမ်းကျင်ပညာရှင်များ၏တင်ပြသည့်မျဉ်းများအပေါ်မူတည်ပြီး နှစ်ဦးနှစ်ဖက် မနစ်နာစေမည့်လမ်းကြောင်းကို ရေးဆွဲမည်ဟုသိရပါကြောင်း၊ ဤကိစ္စသည် ကမ္ဘာတွင်ပထမဆုံးအကြိမ် ဆုံးဖြတ်သည့် ပင်လယ်နယ်နိမိတ်နှင့် ပတ်သက်သော အမှုဖြစ်ပြီး မြန်မာနိုင်ငံအတွက်လည်း ပထမဆုံးအကြိမ်ဖြစ်သည့်အတွက် တရားသူကြီးများကလည်း အထူးဂရုစိုက်ကာ သမာသမတ်ရှိသောအမိန့်ထွက်ရှိရန် ကြိုးစားလျက်ရှိပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍတွင် စက်တင်ဘာ ၂၆ ရက်က တင်သွင်းခဲ့ပြီး လွှတ်တော်၌ဆွေးနွေးစဉ်းစားရန် ဆုံးဖြတ်ထားသည့် **ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ စက်တင်ဘာ ၂၉ ရက်အထိ လွှတ်တော်ကိုယ်စားလှယ်များပေးပို့ထားသည့် ပြင်ဆင်ချက်များအပေါ် အခြေခံပြီး ဆွေးနွေးအတည်ပြုခြင်းဆောင်ရွက်ရာ ပြင်ဆင်ချက်အဆိုမရှိသည့် အပိုဒ်၊ အပိုဒ်ခွဲများကိုအတည်ပြုပြီးဖြစ်သည်ဟုသတ်မှတ်ပြီး လွှတ်တော်သို့ သီးခြားအဆိုတင်သွင်းခြင်း၊ သဘောတူညီချက်တောင်းခံခြင်းများ မပြုလုပ်တော့ဘဲ အတည်ပြုဆောင်ရွက်ခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးအတည်ပြုခြင်း ဆောင်ရွက်သည်။

အခန်း(၁) ခေါင်းစဉ်နှင့် အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(က)အထိသည် ပြင်ဆင်ချက်မရှိသည့်အတွက် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်းက "အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)နှင့် (ဂ) မူလပြဋ္ဌာန်းချက်ပါ **မိမိ သဘောထားဆန္ဒကို** ဟူသောစကားရပ်၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(င) မူလပြဋ္ဌာန်းချက်ပါ **လိုလားချက်တို့ကို** နှင့် **အခြားတစ်နည်းနည်းနှင့်ဖြစ်စေ** ဟူသောစကားရပ်၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(စ) မူလပြဋ္ဌာန်းချက်ပါ **လိုလားချက်တို့ကို** နှင့် **တစ်နည်းနည်းဖြင့်** ဟူသောစကားရပ်၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(ခ) မူလပြဋ္ဌာန်းချက်ပါ **စီတန်းလှည့်လည်ခြင်းတို့ကို** နှင့် အပိုဒ်ခွဲ(ဂ)ပါ **အခွင့်အရေးတို့ကို** ဟူသော စကားရပ်၊ အပိုဒ် ၄၊ မူလပြဋ္ဌာန်းချက်ပါ **မိမိ၏သဘောထားဆန္ဒကို** ဟူသော စကားရပ်များနောက်တွင် **လွတ်လပ်စွာ** ဟူသောစကားရပ် ဖြည့်စွက်ပြင်ဆင်ရန်"အဆိုကိုတင်သွင်းသည့်အတွက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဘောထားကို မေးမြန်းရာ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုက နိဒါန်းတွင်ပါရှိပြီးဖြစ်သည့်အတွက် မူလစာသားအတိုင်းသာထားရှိသင့်ပါကြောင်းဖြင့်တင်ပြသည်။

အဆိုရှင် ဦးအောင်သိန်းက ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းပြောကြားချက်အား လက်ခံပါကြောင်းဖြင့် တင်ပြသည်။

သို့ဖြစ်၍ ဦးအောင်သိန်း၏ ပြင်ဆင်ချက်အဆို အတည်မဖြစ်ကြောင်းနှင့် အပိုဒ် ၂၊ အပိုဒ်ခွဲ (ခ)၊ (ဂ)၊ (င)၊ (စ)၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(ခ)၊ (ဂ)နှင့် အပိုဒ် ၄ တို့သည် မူလပြဋ္ဌာန်းထားသည့်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

အပိုဒ် ၂၊ အပိုဒ်ခွဲ(ဃ၊ ဆ၊ ဇ)၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(က)နှင့် အပိုဒ် ၄၊ အပိုဒ်ခွဲ(က၊ ခ)တို့သည် ပြင်ဆင်ချက်မရှိသဖြင့် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည်က"အပိုဒ် ၄၊ အပိုဒ်ခွဲ(ဂ) မူလပြဋ္ဌာန်းချက်ပါ **ကိုယ်ရေးအချက်အလက်** ဟူသောစကားရပ်အစား **အမည်နှင့် နေရပ်လိပ်စာ** ဟူသောစကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန်"အဆိုကိုတင်သွင်းသည့်အတွက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဘောထားကိုမေးမြန်းရာ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက မူလစာသားအတိုင်းသာထားသင့်ပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင် ဦးခိုင်မောင်ရည်က လွှတ်တော်၏အဆုံးအဖြတ်ရယူလိုကြောင်းတင်ပြရာ ကန့်ကွက်အရေအတွက်များသည့်အတွက် ဦးခိုင်မောင်ရည်၏ပြင်ဆင်ချက်အဆိုအတည်မဖြစ်ကြောင်းနှင့် အပိုဒ် ၄၊ အပိုဒ်ခွဲ(ဂ)သည် မူလပြဋ္ဌာန်းသည့်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ဆုံးဖြတ်သည်။

အပိုဒ် ၄၊ အပိုဒ်ခွဲ(ဃ)နှင့် အပိုဒ်ခွဲ(င)တို့သည် ပြင်ဆင်ချက်မရှိသည့်အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

အပိုဒ် ၅ မူလပြဋ္ဌာန်းချက်စာသား၏နောက်တွင် **သို့ရာတွင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်းမပြုရ။** ဟူသောစာသား ဖြည့်စွက်ပြင်ဆင်ရန် ဥပဒေကြမ်းကော်မတီက တင်ပြထားသည့်အတွက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဘောထားကို မေးမြန်းရာ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ယခုဖြည့်စွက်ချက်သည် ပိုမိုပြည့်စုံကောင်းမွန်သည့်အတွက် သီးခြားတင်ပြရန်မရှိပါကြောင်းဖြင့်တင်ပြသည်။

သို့ဖြစ်၍ အပိုဒ် ၅ သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

အပိုဒ် ၆ မှ အပိုဒ် ၈၊ အပိုဒ်ခွဲ(ဃ)အထိသည် ပြင်ဆင်ချက်မရှိသည့်အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွှန့်က"အပိုဒ် ၈၊ အပိုဒ်ခွဲ(င) မူလပြဋ္ဌာန်းချက်ပါ **ဒေသဆိုင်ရာ လိုအပ်ချက်အရ သတ်မှတ်သောစည်းမျဉ်းများ** ဟူသောစကားရပ်အစား **တည်ဆဲဥပဒေအရ လိုက်နာဆောင်ရွက်ခြင်း** ဟူသောစကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန်"အဆိုကို တင်သွင်းသည့်အတွက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဘောထားကိုမေးမြန်းရာ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက မူလစာသားအတိုင်းသာထားရှိသင့်ပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင်ဦးသိန်းညွှန့်က လွှတ်တော်၏အဆုံးအဖြတ်ရယူလိုကြောင်းတင်ပြရာ ကန့်ကွက်အရေအတွက် များသည့်အတွက် ဦးသိန်းညွှန့်၏ပြင်ဆင်ချက်အဆိုအတည်မဖြစ်ကြောင်းနှင့် အပိုဒ် ၈၊ အပိုဒ်ခွဲ (င)သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

အပိုဒ် ၉၊ အပိုဒ်ခွဲ(က)သည် ပြင်ဆင်ချက်မရှိသည့်အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွှန့်က" အပိုဒ် ၉၊ အပိုဒ်ခွဲ(ခ) မူလပြဋ္ဌာန်းချက် စာကြောင်းရေ ၃ ပါ **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး** ဟူသောစကားရပ်အစား **လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး** ဟူသော စကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန်"အဆိုကို တင်သွင်းသည့်အတွက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဘောထားကိုမေးမြန်းရာ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက မူလစာသားအတိုင်း ထားရှိသင့်ပါကြောင်းဖြင့်တင်ပြသည်။

အဆိုရှင်ဦးသိန်းညွှန့်က လွှတ်တော်၏အဆုံးအဖြတ်ရယူလိုကြောင်းတင်ပြရာ ကန့်ကွက်အရေအတွက် များသည့်အတွက် ဦးသိန်းညွှန့်၏ပြင်ဆင်ချက်အဆို အတည်မဖြစ်ကြောင်းနှင့် အပိုဒ် ၉၊ အပိုဒ်ခွဲ(ခ)သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်က"မူလပြဋ္ဌာန်းချက်ပါ အပိုဒ် ၉၊ အပိုဒ်ခွဲ(ခ) စာကြောင်းရေ ၂ ပါ **၁၄ ရက်အတွင်း** ဟူသောစကားရပ်အစား **၇ ရက်အတွင်း** ဟူသောစကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန်" အဆိုကို တင်သွင်းသည့်အတွက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဘောထားကိုမေးမြန်းရာ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက မူလစာသားအတိုင်းထားရှိသင့်ပါကြောင်းဖြင့်တင်ပြသည်။

အဆိုရှင်ဦးခိုင်မောင်ရည်က လွှတ်တော်၏အဆုံးအဖြတ်ရယူလိုကြောင်းတင်ပြရာ ကန့်ကွက်အရေအတွက် များသည့်အတွက် ဦးခိုင်မောင်ရည်၏ပြင်ဆင်ချက်အဆို အတည်မဖြစ်ကြောင်းနှင့် အပိုဒ် ၉၊ အပိုဒ်ခွဲ(ခ) သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်က"အပိုဒ် ၉၊ အပိုဒ်ခွဲ(ဂ)အဖြစ် **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ အဆုံးအဖြတ်ဖြင့် မပြီးပြတ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ထံ အယူခံနိုင်သည်။** ဟူသော အပိုဒ်ခွဲအသစ်တစ်ခု ဖြည့်စွက်ရန်နှင့် မူလပြဋ္ဌာန်းချက် (ဂ)အား **ပုဒ်မခွဲ(ဂ)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။** ဟူသော စာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ပြီး အပိုဒ်ခွဲ(ဃ)အဖြစ် သတ်မှတ်ရန်"အဆိုကို တင်သွင်းသည့်အတွက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဘောထားကို မေးမြန်းရာ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက မူလအတိုင်းထားရှိသင့်ပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင်ဦးခိုင်မောင်ရည်က လွှတ်တော်၏အဆုံးအဖြတ်ရယူလိုကြောင်းတင်ပြရာ ကန့်ကွက်အရေအတွက် များသည့်အတွက် ဦးခိုင်မောင်ရည်၏ပြင်ဆင်ချက်အဆို အတည်မဖြစ်ကြောင်းနှင့် အပိုဒ် ၉၊ အပိုဒ်ခွဲများသည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

အပိုဒ် ၁၀၊ အပိုဒ်ခွဲ(က)အား ပယ်ဖျက်ပြီး ကျန်ရှိသောစာသားများအတိုင်း အပိုဒ် ၁၀၊ အဖြစ် ပြင်ဆင်သင့်ကြောင်း ဥပဒေကြမ်းကော်မတီက တင်ပြထားသကဲ့သို့ လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင်က "မူလပြဋ္ဌာန်းချက် အပိုဒ် ၁၀၊ အပိုဒ်ခွဲ(က)နှင့်(ခ)ပါ စာသားများအစား အပိုဒ် ၁၀၊ **ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စပ်လျဉ်း၍ ခွင့်ပြုမိန့်တွင် သတ်မှတ်ပေးထားသည့်နေရာတွင်သာ ငြိမ်းချမ်းစွာစုဝေးခြင်းပြုရမည်။** ဟူသော စာပိုဒ်တစ်ပိုဒ်တည်းဖြင့် ပြင်ဆင်ရန်"အဆိုတင်သွင်းသည်။

ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌက အပိုဒ်ခွဲ(က)သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်သည့်အတွက် ပယ်ဖျက်ရခြင်းဖြစ်ကြောင်းဖြင့် တင်ပြသည်။

ပြင်ဆင်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဘောထားကို မေးမြန်းရာ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက မူလအဓိပ္ပာယ်မပျက်ဘဲ ချုံ့ငုံမှုရှိသည့်အတွက် သီးခြားတင်ပြရန် မရှိပါကြောင်းဖြင့်တင်ပြသည်။

အပိုဒ် ၁၀ သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်းအတည်ပြုဆုံးဖြတ်သည်။

အပိုဒ် ၁၁ သည် ပြင်ဆင်ချက်မရှိသည့်အတွက် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်က"မူလပြဋ္ဌာန်းချက် အပိုဒ် ၁၂၊ အပိုဒ်ခွဲ(က) စာကြောင်းရေ ၂ ပါ **ယင်းသို့ဖြစ်တန်ရာသည်** ဟု ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရန်" အဆိုကိုတင်သွင်းသည့်အတွက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဘောထားကိုမေးမြန်းရာ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက မူလစာသားအတိုင်းထားရှိသင့်ပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင်ဦးခိုင်မောင်ရည်က အဆိုကိုပြန်လည်ရုပ်သိမ်းလိုကြောင်း တင်ပြသည့်အတွက် အပိုဒ် ၁၂၊ အပိုဒ်ခွဲ(က)သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ဆုံးဖြတ်သည်။

အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ခ)၊ (ဂ)၊ (ဃ) တို့သည် ပြင်ဆင်ချက်မရှိသည့်အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦးက"အပိုဒ် ၁၂၊ အပိုဒ်ခွဲ(င) မူလပြဋ္ဌာန်းချက်ပါ **ကြွေးကြော်ခြင်းနှင့်** ဟူသော စကားရပ်ကို ပယ်ဖျက်ရန်" အဆို၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွှန့်က"အပိုဒ် ၁၂၊ အပိုဒ်ခွဲ (င)ပါ **ကြွေးကြော်ခြင်းနှင့် အော်ဟစ်ခြင်းများမပြုလုပ်ရ** ဟူသောစကားရပ်အစား **ခွင့်ပြုထားသော ကြွေးကြော်သံများမှအပ ကြွေးကြော်ခြင်းနှင့် အော်ဟစ်ခြင်းမပြုရ** ဟူသောစကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန်"အဆိုတို့ကို တင်သွင်းကြသည်။

ယင်းပြင်ဆင်ချက်(၂)ခုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဘောထားကို မေးမြန်းရာ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဦးသိန်းညွှန့်၏ပြင်ဆင်ချက်သည် စည်းကမ်းတကျရှိခြင်းနှင့် ဒီမိုကရေစီကိုဖော်ဆောင်ရာရောက်သည့်အတွက် ကန့်ကွက်ရန်မရှိပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင်ဦးထွန်းမြင့်ဦးက ပြည်ထောင်စုဝန်ကြီးနှင့် ဦးသိန်းညွှန့်တို့၏ သဘောထားကို လက်ခံပါကြောင်းဖြင့် တင်ပြသည်။

သို့ဖြစ်၍ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(င)သည် ဦးသိန်းညွှန့်၏ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

ပြည် မဲဆန္ဒနယ်မှ ဦးဝင်းမြင့်က"မူလပြဋ္ဌာန်းချက် အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ဃ)၏ အောက်တွင် အပိုဒ် (င)အဖြစ် **မမှန်ကန်သောသတင်းများ (ကောလာဟလများ)ကိုဖြစ်စေ၊ မမှန်ကန်သောအချက်အလက်များကိုဖြစ်စေ ဟောပြောခြင်းမပြုလုပ်ရ။** ဟူသော စာပိုဒ်အသစ် ဖြည့်စွက်ရန်"အဆိုကို တင်သွင်းသည့်အတွက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဘောထားကိုမေးမြန်းရာ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက တင်ပြချက်သည် ပိုမိုပြည့်စုံကောင်းမွန်သည့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❂

☆ ရှေ့ဖုံးမှ

**အသက်မွေးဝမ်းကျောင်း ပညာရပ်များ အလဟဿမဖြစ်စေဘဲ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို အလုပ်အကျွေးပြုနိုင်ရေးအတွက် လိုင်စင်ရုပ်သိမ်းထားမှုများကို ပြန်လည်စိစစ်၍ မူလအလုပ်အကိုင်များ ဆက်လက်ဆောင်ရွက်ခွင့်ပြုနိုင်ခြင်း ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်သော ဆရာဝန်များသည် ဌာနနှင့် ကင်းကွာလျက်ရှိပါက ၎င်းအား အလုပ်မှထုတ်ပစ်ခြင်း၊ ထုတ်ပယ်ခြင်းပြုပြီးနောက် ဆရာဝန်မှတ်ပုံတင်(ဆမ)၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်(သခ)အား နိုင်ငံ့ဝန်ထမ်းအဖြစ် ထမ်းဆောင်ခဲ့သည့် လုပ်သက်အပေါ်မူတည်၍ ကာလသတ်မှတ်ပြီး ပိတ်သိမ်းပါကြောင်း၊ သတ်မှတ်ကာလ ပြည့်မြောက်သည့်အခါ ပြန်လည်စိစစ်၍ ဆရာဝန်မှတ်ပုံတင်(ဆမ)၊ သွားနှင့် ခံတွင်းဆိုင်ရာဆရာဝန်မှတ်ပုံတင် (သခ) များကို ပြန်လည်ထုတ်ပေးလျက်ရှိပြီး ပြန်လည်ရရှိသည့်အခါ ဆေးကုသခြင်း လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိပါကြောင်း၊ မြန်မာနိုင်ငံဆေးကောင်စီသည် ဆရာဝန်များ၏ ဆေးကုသခွင့် လိုင်စင်ကိစ္စများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

တရားလွှတ်တော်ရှေ့နေနှင့် အထက်တန်းရှေ့နေဟူ၍ နှစ်မျိုးရှိရာ တရားလွှတ်တော်ရှေ့နေ လိုင်စင်နှင့် စပ်လျဉ်း၍ တရားလွှတ်တော်ရှေ့နေများကောင်စီ (Bar Council)၏ စိစစ်ထောက်ခံချက်အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပေးပြီး အထက်တန်းရှေ့နေလိုင်စင်နှင့် စပ်လျဉ်း၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ကသာ စိစစ်၍ ထုတ်ပေးပါကြောင်း၊ ရှေ့နေလုပ်ငန်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ The Bar Council Act နှင့် The Legal Practitioners Act တို့အရ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရပါကြောင်း။

**တရားလွှတ်တော် ရှေ့နေများနှင့် ပတ်သက်၍ တိုင်ကြားသည့်ကိစ္စပေါ်ပေါက်လျှင် စစ်ဆေးမှုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အသေးစိတ် စစ်ဆေးဆောင်ရွက်ပြီး တရားလွှတ်တော်ရှေ့နေများ ကောင်စီ (Bar Council)သို့ ဆက်လက်ပေးပို့ပါကြောင်း၊ တရားလွှတ်တော်ရှေ့နေများကောင်စီက အဆိုပါပေးပို့သည့်ကိစ္စအပေါ် သေချာစွာလေ့လာ၍ သုံးသပ်သဘောထားမှတ်ချက်ကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ ပေးပို့ရပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် သက်ဆိုင်ရာ တရားလွှတ်တော်ရှေ့နေအား သတိပေးခြင်း၊ ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းနှင့် ထုတ်ပယ်ခြင်း ပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ပါကြောင်း။**

**တရားလွှတ်တော်ရှေ့နေများအား အရေးယူဆောင်ရွက်ရာတွင် (Bar Council)သည် ကိစ္စရပ်တစ်ခုချင်းအလိုက် သေချာစွာလေ့လာ၍ စဉ်းစားပြီးမှ ဆောင်ရွက်ခြင်းဖြစ်ရာ ရှေ့နေလိုက်ပါဆောင်ရွက်ခွင့်ကို ရာသက်ပန်ပိတ်ပင်သည့် ထုတ်ပယ်ခြင်းမျိုးပြုသည်မှာ အလွန်ရှားပါးပါကြောင်း၊ မလွှဲမရှောင်သာသည့်အခါမှသာ သတိပေးခြင်းနှင့် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း ပြစ်ဒဏ်များကိုသာ ချမှတ်လေ့ရှိပါကြောင်း။**

**တရားလွှတ်တော်ရှေ့နေအား ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းဖြစ်စေ၊ ထုတ်ပယ်ခြင်းဖြစ်စေ ပြစ်ဒဏ်ချမှတ်ထားသည့်ကိစ္စတွင် သက်ဆိုင်သူက ယင်းသို့ ရပ်ဆိုင်းထားသည့်၊ ထုတ်ပယ်ထားသည့် ကာလအတွင်း အသနားခံစာတင်သွင်းလျှင် Bar Council က အသေးစိတ်ပြန်လည်စဉ်းစားပြီး တရားမျှတခြင်း၊ သာတူညီမျှခြင်း၊ လိပ်ပြာသန့်ခြင်း(Justice,Equity,Conscience) တို့အရ သင့်မြတ်သော သဘောထားမှတ်ချက်ချမှတ်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပေးပို့ပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က (Bar Council) ၏ သဘောထားမှတ်ချက်နှင့်အညီ ပြန်လည်စဉ်းစားဆုံးဖြတ်ပါကြောင်း။**

**အထက်တန်း ရှေ့နေများနှင့် ပတ်သက်၍ တိုင်ကြားစာများရှိသည့်အခါ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က အလားတူ ဆောင်ရွက်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဆေးကုသခွင့်လိုင်စင်နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရှေ့နေလိုင်စင်နှင့် စပ်လျဉ်း၍ လည်းကောင်း သက်ဆိုင်သည့် မြန်မာနိုင်ငံဆေးကောင်စီ၊ တရားလွှတ်တော်ရှေ့နေများကောင်စီနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့သည် တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တရားမျှတခြင်း၊ သာတူညီမျှခြင်းနှင့် လိပ်ပြာသန့်ခြင်းတို့ကို အခြေခံပြီး ဆောင်ရွက်လျက်ရှိပါကြောင်း**ဖြင့် ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာအေးမောင်၏ **“စစ်တွေခရိုင်အတွင်းရှိ ဌာနဆိုင်ရာများ၏ လုပ်ငန်းလိုအပ်ချက်အရ မြေသိမ်းအမှုတွဲဖွင့်လှစ်၍ သိမ်းယူထားသောမြေကများကို ဦးပိုင်အလိုက်၊ ကွင်းအလိုက်၊ မြို့နယ်အလိုက် အမျိုးအစားခွဲခြား၍ အများပြည်သူသိရှိရန် ဖော်ပြပေးနိုင်ခြင်း ရှိ/မရှိ၊ သိမ်းယူစဉ်က ပိုမိုသိမ်းယူထားခဲ့သည့် မြေများနှင့် စပ်လျဉ်း၍ အဖွဲ့ဖြင့် စိစစ်လျက် ဦးပိုင်အလိုက်၊ ကွင်းအလိုက်၊ မြို့နယ်အလိုက် အမျိုးအစားခွဲခြား၍ ဖော်ပြပေးရန်နှင့် သိမ်းယူထားသည့် လယ်မြေ (ပုစွန်ကန်မြေ)၊ စားကျက်မြေများကို မူလက အသုံးပြုခွင့်ရခဲ့သူများသို့ တရားဝင် ပြန်လည်ချထားပေးရန် ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က အထူးစီမံကိန်းကြီးများနှင့် ဌာနဆိုင်ရာများအတွက် မြေသိမ်းဆည်းရေးဆောင်ရွက်ရာတွင် ၁၈၉၄ ခုနှစ် မြန်မာနိုင်ငံ မြေသိမ်းအက်ဥပဒေအရ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး မြေသိမ်းဆည်းခြင်းကို ခွင့်ပြုကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်၊ သက်ဆိုင်ရာဝန်ကြီးဌာန၏ အုပ်ချုပ်မှုဆိုင်ရာ သဘောတူညီချက်များအရ အဆင့်ဆင့် ဆောင်ရွက်ရပါကြောင်း၊ သတ်မှတ်ချက်များနှင့် ပြည့်စုံပါက ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၁၈၉၄ ခုနှစ် မြန်မာနိုင်ငံ မြေသိမ်းအက်ဥပဒေ ပုဒ်မ ၄(၁)အရ



ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် ရှင်းလင်းဆွေးနွေးစဉ်။
(သတင်းစဉ်)

မြေသိမ်းဆည်းရန် ခရိုင်အုပ်ချုပ်ရေးမှူးကို ကော်လိုတ္တော်အရာရှိအဖြစ် ခန့်အပ်ခြင်း၊ ပုဒ်မ ၆ အရ မြေသိမ်းဆည်းရန် လုပ်ပိုင်ခွင့်အပ်နှင်းခြင်းတို့ကို အမိန့်ထုတ်ပြန်ပေးပါကြောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူးသည် တာဝန်ပေးချက်အရ မြေသိမ်းအက်ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မြေကိုသိမ်းယူရာတွင်လည်း လိုအပ်သည့်မြေအကျယ်၏ အနည်းဆုံးဧရိယာကိုသာ သိမ်းယူခြင်းဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ မြေသိမ်းယူသည့် ဌာန/ အဖွဲ့အစည်းသည် သိမ်းယူသည့်မြေကို လျှောက်ထားသည့်နည်းလမ်းအတိုင်းသာ အသုံးပြုရမည်ဖြစ်ကြောင်းနှင့် နည်းလမ်းအတိုင်း အသုံးမပြုလျှင်ဖြစ်စေ၊ အသုံးပြုရန် မလိုအပ်လျှင်ဖြစ်စေ နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်ဖြစ်ပါကြောင်း။

သက်ဆိုင်ရာခရိုင်အတွင်းရှိ ဌာနဆိုင်ရာများက လုပ်ငန်းလိုအပ်ချက်အရ မြေသိမ်းအမှုတွဲများ ဖွင့်လှစ် သိမ်းယူထားသည့် မြေကများ၏ ဦးပိုင်အလိုက်၊ ကွင်းအလိုက်၊ မြို့နယ်အလိုက် အမျိုးအစားခွဲခြားပြီးဖြစ်စေ၊ တရားဝင်သိမ်းယူထားသည့်မြေများအပြင် ထိုသို့ သိမ်းယူစဉ်က ပိုမိုသိမ်းယူထားသည့် မြေများနှင့် စပ်လျဉ်း၍ဖြစ်စေ သိရှိလိုပါက သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ မြို့နယ်တို့မှတစ်ဆင့် သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သက်ဆိုင်သူများက လျှောက်ထားနိုင်ပါကြောင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကလည်း သက်ဆိုင်ရာ မြေစာရင်းဦးစီးဌာနသို့ အကြောင်းကြားပြီး ဆောင်ရွက်ပေးမည်ဖြစ်သည့်အတွက် အများပြည်သူ မည်သူမဆို လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်နိုင်ပါကြောင်း။

**အစိုးရဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများအတွက် မြေသိမ်းဆောင်ရွက်ခဲ့ရာတွင် ခွင့်ပြုခဲ့သည့် မြေဧရိယာထက် ပိုမိုဆောင်ရွက်ခဲ့သောကြောင့် ဒေသခံတောင်သူများ၏ လက်ရှိလုပ်ကိုင်လျက်ရှိသည့် လယ်ယာ၊ ဥယျာဉ်ခြံမြေများ ပါဝင်သွားခဲ့ပါက ပိုမိုပါသွားသည်ဟုထင်မြင်သည့် ဒေသခံတောင်သူများသည် မိမိတို့၏ လယ်ယာ၊ ဥယျာဉ်ခြံမြေကို ပြန်လည်လုပ်ကိုင်လိုကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှတစ်ဆင့် မြို့နယ်နှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့တွင် အဆင့်ဆင့် တရားဝင်လျှောက်ထားနိုင်ပါကြောင်း၊ လျှောက်ထားမှုအပေါ် ရပ်ကွက်၊ ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်အဆင့်ဆင့် စိစစ်တင်ပြပြီး ပြည်နယ်အစိုးရမှစိစစ်ကာ ပြည်နယ်အစိုးရအဖွဲ့ကိုယ်စားလှယ်နှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ တာဝန်ရှိသူများပါဝင်သည့် အဖွဲ့နှင့် ကွင်းဆင်းစစ်ဆေးရပြီး စစ်ဆေးတွေ့ရှိချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့က လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။**

မြေသိမ်းယူခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ပုဂ္ဂလိကအကျိုးစီးပွားကို ရည်ရွယ်သည့်ကိစ္စများအတွက် လုံးဝခွင့်မပြုဘဲ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် မြေသိမ်းဆည်းခြင်းကိုသာ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်၏ စိစစ်တင်ပြချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၏ ထောက်ခံချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာမြေကို သတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးချရန် ခွင့်ပြုခြင်း၊ အများပြည်သူအကျိုးအတွက် မြေသိမ်းဆည်းပေးခြင်းတို့ကို ဆောင်ရွက်ရာတွင် တည်ဆဲမြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်စွာ ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားပြီး ယင်းမေးခွန်းကို ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာများဆိုင်ရာ ကော်မတီသို့ လွှဲပြောင်းပေးအပ်ကြောင်း လွှတ်တော်က ကြေညာသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၏ **“တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၄)ခုအနက် ဆင်းရဲနွမ်းပါးမှုအမြင့်ဆုံးဖြစ်သော ချင်းပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအထူးဇုန်အဖြစ် သတ်မှတ်ပေးနိုင်ရေးနှင့် အထူးစီမံကိန်းများ ဆောင်ရွက်ပေးနိုင်ရေး အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အခြားပြည်နယ်/တိုင်းဒေသကြီးများနှင့်မတူဘဲ သဘာဝအတားအဆီးများစွာရှိပြီး “အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု စီမံကိန်း”တွင် ပါဝင်ခွင့်မရခဲ့သည့် ချင်းပြည်နယ်အတွက် “ချင်းတောင်တန်းဖွံ့ဖြိုးတိုးတက်ရေး အထူးရန်ပုံငွေ” ထူထောင်ပေးရန်ကိစ္စသည် သက်ဆိုင်ရာ ချင်းပြည်နယ်အစိုးရမှတစ်ဆင့် ပြည်ထောင်စုအစိုးရသို့ ကျိုးကြောင်း ဖော်ပြချက်ဖြင့် သီးသန့်တင်ပြ ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ချင်းပြည်နယ်သည် ရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းသည့် အရည်အသွေးကောင်း ပန်းသီးမျိုးများဖြစ်သော အိုင်ဝါ-၃ နှင့် ကိုယ်ကိုမျိုးများကို ဂျပန်နိုင်ငံက တင်သွင်းစိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး စိုက်ပျိုးနည်းစနစ်နှင့် ထိန်းသိမ်းမှုနည်းစနစ်များ စနစ်တကျကျင့်သုံးခြင်း၊ မျိုးကောင်းများမှ ကိုင်းကူးကိုင်းဆက်ခြင်းနှင့် ပြည်ပမှ အရည်အသွေးကောင်းမျိုးများ တင်သွင်းစိုက်ပျိုးခြင်းတို့ ဆောင်ရွက်နေပါကြောင်း၊ ပန်းသီးသာမက စပျစ်ကဲ့သို့သော ဒေသနှင့်သင့်တော်သည့် အခြားသစ်သီးဝလံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက်လည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အားပေးကူညီဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ပြည်နယ်အစိုးရအဖွဲ့ကလည်း ဝိုင်းဝန်းကူညီအားပေးဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။

ချင်းပြည်နယ်တွင် နွားနောက်ကောင်ရေ (၆၈၀၀၀)ကျော် မွေးမြူထားပြီး လွတ်ကျောင်းမွေးမြူရေးစနစ်ကိုသာ ကျင့်သုံးလျက်ရှိရာ ၂၀၁၀ ခုနှစ်မှစ၍ ဟားခါးမြို့နယ်တွင် နွားနောက်ကောင်ရေ(၂၀၀၀)အတွက် နွားနောက်လွတ်ကျောင်းစားကျက်မြေဧက(၈၀၄၀) သတ်မှတ်အသုံးပြုခဲ့ပါကြောင်း၊ ထို့အတူ နွားနောက်တိုးချဲ့မွေးမြူရန် အခြေအနေကောင်းများရှိသည့် မြို့နယ်များတွင် နွားနောက် လွတ်ကျောင်းစားကျက်များ စနစ်တကျဖော်ထုတ်ပြီး နွားနောက်မွေးမြူရေးအထူးဇုန် တည်ထောင်ဆောင်ရွက်သွားမည်ဖြစ်ပြီး နွားနောက်အသားထုတ်လုပ်မှု ဖွံ့ဖြိုးလာသည့်အခါ စည်သွတ်ဘူးလုပ်ငန်းနှင့် သားရေလုပ်ငန်းများတွင် ပုဂ္ဂလိကများ ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်အားပေးသွားမည်ဖြစ်ပါကြောင်း။

သဘာဝအခြေခံခရီးသွားလုပ်ငန်း Eco-Tourism ဖြစ်ထွန်းနိုင်ရန်အတွက် ကန့်သတ်နယ်မြေအဖြစ်မှ ပယ်ဖျက်ပေးရန်နှင့် လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးရန်အတွက်၊ ချင်းပြည်နယ် ဆင်းရဲမှု လျှော့နည်းပပျောက်ရေးအတွက် ဦးစားပေးတစ်ရပ်အနေဖြင့် ပြည်ထောင်စုအဆင့်မှ စီမံဖော်ဆောင်ပေးရန် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို၏ အဆိုအပေါ် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဖြေကြားခဲ့ပြီးဖြစ်ပါကြောင်း။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်း ငွေကျပ် (၂၅၇၀ ဒသမ ၆၁၉) သန်းဖြင့် ကတ္တရာလမ်း (၁၉)မိုင် (၄) ဖာလုံ၊ ကျောက်လမ်း (၃၅)မိုင် (၇) ဖာလုံ၊ မြေလမ်း (၈၁၇)မိုင် (၆)ဖာလုံနှင့် ပေ (၁၀၀)အထက်တံတား (၃)စင်း၊ ပေ (၁၀၀)အောက် တံတား (၁)စင်း၊ ကြိုးတံတား (၉)စင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည့်အပြင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင်လည်း ချင်းပြည်နယ်အတွင်းရှိ (၈)မြို့နယ်တွင် စုစုပေါင်း ရန်ပုံငွေကျပ် (၉၀ ဒသမ ၂၄)သန်းဖြင့် မြေသားလမ်းချဲ့ခြင်း/ဖောက်လုပ်ခြင်း၊ ကျေးရွာချင်းဆက်လမ်းချဲ့ခြင်း/ ဖောက်လုပ်ခြင်း၊ ကျေးလက်လမ်းချဲ့ခြင်းတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှ ယနေ့အထိ ချင်းပြည်နယ်တွင် ဌာနအစီအစဉ်ဖြင့် (၂၆၈၄) ဧကနှင့် တောင်သူအစီအစဉ်ဖြင့် (၄၁၀၉)ဧက စုစုပေါင်း(၆၇၉၃)ဧကကို ကုန်းမြင့်ဒေသ လယ်ယာမြေစနစ် ဖော်ထုတ်ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရန်ပုံငွေခွင့်ပြုချက်အရ ကုန်းမြင့်လယ်ယာမြေ ဧက (၁၀၀)ဖော်ထုတ်ရန် လျာထားသတ်မှတ်ထားရှိရာ ယခုအချိန်အထိ (၄၆)ဧက ဖော်ထုတ်ပြီးဖြစ်ပါကြောင်း၊ နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင်လည်း ရန်ပုံငွေခွင့်ပြုချက်အပေါ် မူတည်ပြီး ကုန်းမြင့်လယ်ယာမြေစနစ် ဆက်လက်ဖော်ထုတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ရွှေ့ပြောင်းတောင်ယာပပျောက်ရေးအတွက် ၂၀၀၂-၂၀၀၃ ခုနှစ်မှ ၂၀၀၆-၂၀၀၇ ခုနှစ်အထိချင်းပြည်နယ်အတွင်း ပထမငါးနှစ်စီမံချက်ဖြင့် ရွှေ့ပြောင်းတောင်ယာစာရင်း ကောက်ယူခြင်း၊ သီးနှံသစ်တော ရောနှောစိုက်ခင်း (၆၃၄၉)ဧကနှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောဧက (၃၂၉၀) တည်ထောင်ခြင်း၊ ကွန်တိုဘောင် ပေ (၄၆၇၀၀)ဖြင့် သဘာဝမြေဩဇာ ပြုလုပ်မှုသရုပ်ပြခြင်းနှင့် မျိုးပင်(၁ ဒသမ ၁၅)သိန်း ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ပေးခဲ့ပြီး ၂၀၀၇-၂၀၀၈ ခုနှစ်မှ ၂၀၁၁-၂၀၁၂ ခုနှစ်အထိ ဒုတိယစီမံချက်ကာလအတွင်း ယခုအချိန်အထိ သီးနှံသစ်တောရောနှောစိုက်ခင်း ဧက(၆၀၀) နှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော(၁၀၃၆)ဧက တည်ထောင်ပြီးဖြစ်ပါကြောင်း၊ ကွန်တိုဘောင် ပေ (၂၇၅၀) ဖြင့် သဘာဝမြေဩဇာ ပြုလုပ်မှု သရုပ်ပြဆောင်ရွက်ခဲ့ပြီး မျိုးပင်(၁ ဒသမ ၃)သိန်း ဖြန့်ဝေပေးပြီးဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံ မာကီနို ရုက္ခဗေဒဥယျာဉ်နှင့်ပူးပေါင်းပြီး နတ်မတောင် အမျိုးသားဥယျာဉ်နယ်မြေတွင် ဒေသခံများအား “ဝ”ဥ စိုက်ပျိုးခြင်းနှင့် ဆေးဖက်ဝင်သစ်ခွနှင့် တန်ဖိုးရှိ သစ်မျိုးများ မျိုးပွားစိုက်ပျိုးခြင်းဆိုင်ရာ သင်တန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း**ဖြင့် ဖြေကြားသည်။

စက်တင်ဘာ ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင် တင်သွင်းထားသည့် **“မြန်မာ့လေကြောင်း** (Myanmar Airways) **ကို နိုင်ငံ့ဂုဏ်ဆောင်လေကြောင်းလိုင်း** (National Flag Carrier)**အဖြစ် ကမ္ဘာ့လေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် နိုင်ငံတော်အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ရန်အတွက် မြန်မာ့လေကြောင်းဆိုင်ရာ ဥပဒေတစ်ရပ် ထုတ်ပြန်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**”အဆိုကို ဒေါက်တာမြင့်ကြည်၊ ဒေါက်တာမြတ်ဉာဏစိုး၊ ဦးကျော်ကျော်နှင့် ဦးခင်မောင်ရီတို့က အခြား အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ လေကြောင်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေသကဲ့သို့ မြန်မာ့လေကြောင်းကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အစိုးရအနေဖြင့် စီမံချက်များ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း၊ အခြေအနေအရပ်ရပ်ကြောင့် ဖွံ့ဖြိုးတိုးတက်မှုအားနည်းနေသော မြန်မာ့လေကြောင်းကို



ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။
(သတင်းစဉ်)

❂ စာမျက်နှာ ၇ မှ

အတွက် သီးခြားတင်ပြရန်မရှိပါကြောင်းဖြင့် တင်ပြသည်။

သို့ဖြစ်၍ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(င)သည် အသစ်ပြင်ဆင်ဖြည့်စွက်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

အပိုဒ် ၁၂၊ အပိုဒ်ခွဲ(င)အဖြစ် အပိုဒ်ခွဲအသစ် ထပ်မံဖြည့်စွက်လိုက်သည့်အတွက် မူလပြဋ္ဌာန်းချက်ပါ အပိုဒ်ခွဲ (င၊ စ၊ ဆ၊ ဇ)သည် အပိုဒ်ခွဲ(စ၊ ဆ၊ ဇ၊ ဈ) ဖြစ်သွားမည်ဖြစ်သည်။

အပိုဒ် ၁၂၊ အပိုဒ်ခွဲ(စ)၊ (ဆ)၊ (ဇ)နှင့် အပိုဒ် ၁၃၊ အပိုဒ် ၁၄ တို့သည် ပြင်ဆင်ချက်မရှိသည့်အတွက် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က“မူလပြဋ္ဌာန်းချက် အပိုဒ် ၁၅၊ စာကြောင်းရေ ၁ **နယ်မြေ အေးချမ်းသာယာရေးတို့အတွက်** ဟူသောစကားရပ်နောက်တွင် **သက်သေခံအထောက်အထားများအရ ခွင့်ပြုမိန့်ရုပ်သိမ်းရန်** ဟူသည့်စကားရပ်ကိုလည်းကောင်း၊ စာကြောင်းရေ ၅ **ယင်းသို့ရုပ်သိမ်းကြောင်းကို** ဟူသည့်စကားရပ်နောက်တွင် **တရားဝင်စာဖြင့်** ဟူသည့် စကားရပ်ကိုလည်းကောင်း အသစ်ထပ်မံဖြည့်စွက်ရန်” အဆိုကိုတင်သွင်းသည့်အတွက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဘောထားကိုမေးမြန်းရာ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အဆိုပထမပိုင်းကို ထည့်သွင်းရန်မလိုပါကြောင်းနှင့် အဆိုဒုတိယပိုင်းကို ကန့်ကွက်ရန်မရှိပါကြောင်းဖြင့်တင်ပြသည်။

အဆိုရှင် ဦးသိန်းညွန့်က အဆိုပထမပိုင်းကို ပြန်လည်ရုပ်သိမ်းပါကြောင်းဖြင့် တင်ပြသည်။

သို့ဖြစ်၍ ဦးသိန်းညွန့်၏ အဆိုပထမပိုင်းအတည်မဖြစ်ကြောင်းနှင့် အဆိုဒုတိယပိုင်းအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အပိုဒ် ၁၆ သည် ပြင်ဆင်ချက်မရှိသည့်အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေက“မူလပြဋ္ဌာန်းချက် အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ တို့ပါ ငွေဒဏ်ဖြစ်စေဟူသည့် စကားရပ်များရှေ့တွင် **---- ထက်မပိုသော** ဟူသည့်စကားရပ်အသစ် ထပ်မံဖြည့်စွက်ရန်”အဆိုကို တင်သွင်းသည့်အတွက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဘောထားကို မေးမြန်းရာ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက တင်ပြချက်သည် ဆီလျော်မှုနက်မှုရှိသည့်အတွက် သဘောတူပါကြောင်းနှင့် ထည့်သွင်းဖော်ပြရမည့် ငွေဒဏ်နှင့် စပ်လျဉ်း၍ အတည်ပြုချက်ပေးနိုင်သည့်အဖွဲ့အစည်း၏ အတည်ပြုချက်ရရှိပါက ပြန်လည်တင်ပြမည် ဖြစ်ပါကြောင်းဖြင့်တင်ပြသည်။

သို့ဖြစ်၍ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ တို့သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

အခန်း(၈) ခေါင်းစဉ်နှင့် အပိုဒ် ၂၀၊ ၂၁၊ ၂၂တို့သည် ပြင်ဆင်ချက်မရှိသည့်အတွက် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

“ဥပဒေကြမ်းပါ ခေါင်းစဉ်နှင့်နိဒါန်းသည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သင့်သည်”အဆိုကို လွှတ်တော်က သဘောတူသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက **“ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်း”** တစ်ရပ်လုံးကို အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန်” အဆိုကို တင်သွင်းရာ လွှတ်တော်က သဘောတူသည့်အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၉၊ နည်းဥပဒေခွဲ (ဃ)အရ အတည်ပြုကြောင်းဆုံးဖြတ်သည်။

ယနေ့အတည်ပြုခဲ့သည့် **“ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်း”**တွင် အခန်း(၈)ခန်းနှင့် အပိုဒ်ပေါင်း(၂၂)ခုပါဝင်ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄၊ ပုဒ်မခွဲ(ခ)တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့် အခွင့်အရေးများကို လွတ်လပ်စွာသုံးစွဲဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည့်အလျောက် နိုင်ငံသားများက ယင်းအခွင့်အရေးများကို ဥပဒေနှင့်အညီ သုံးစွဲဆောင်ရွက်နိုင်ရန်အတွက် ဤဥပဒေကြမ်းကို ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရှိရသည်။

ဒုတိယပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ညနေ(၃)နာရီခွဲတွင် ရပ်နားပြီး အစည်းအဝေး(၃၁) ရက်မြောက်နေ့ကို အောက်တိုဘာ(၄)ရက် နံနက်(၁၀) နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

# ငယ်ဆရာ၏ကျေးဇူး မေ့လို့မရနိုင်ဘူး

ရေနံ့သာမောင်ကျော်ညွန့်

အခြေခံပညာမူလတန်းအဆင့်သည် အခြေခံပညာရေး၏ အုတ်မြစ်ဖြစ်ပါသည်။ သူငယ်တန်းဝင် ကျောင်းသား၊ ကျောင်းသူများ၏ ကျောင်းနေပျော်ရေးသည် အခြေခံပညာရေး၏ အဓိကသော့ချက်ဖြစ်ပါသည်။ သူငယ်တန်းဝင်စကလေးများသည် ဆရာ၊ ဆရာမများကို အားကိုးချစ်ခင်ကြသည်။ ဆရာ၊ ဆရာမတို့အနေဖြင့် **ကလေးများအတွက် အားကိုးချစ်ခင်မှု**ကို ပေးစွမ်းနိုင်မှုသည် ကလေးများကျောင်းနေပျော်ရေး၏ အဓိက အကြောင်းရင်းဖြစ်သည်။ ထို့ကြောင့် ဆရာ၊ ဆရာမတို့သည် ကလေးများ၏ ချစ်ခင်အားကိုးမှုကို ခံယူရအောင် အားထုတ်ကြိုးပမ်းကြရလေသည်။

သူငယ်တန်းကျောင်းဝင်ခါစတွင် ဆရာကိုကြောက်၏။ စာကိုကြောက်၏။ ဆရာကိုကြောက်၊ စာကို ကြောက်သောကြောင့် ဆရာကခြောက်၊ စာကခြောက်လျှင် ထိုကလေးသည် ကျောင်းပေါ်ကပါ ပျောက်သွားပေလိမ့်မည်။ ဆရာကိုမုန်း၊ စာကိုမုန်းသောကြောင့် ကျောင်းကိုပါမုန်းတီးပြီး ကျောခိုင်းထွက်ခွာသွားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဆရာ၊ ဆရာမတို့သည် သူငယ်တန်းဝင်စကလေးများကို ကျောင်းနေပျော်အောင် မွေးရ၏။ ကလေးတို့အား **လွတ်လပ်စွာခုန်ပေါက်ကစားစေခြင်း၊ ပျော်ရွှင်စွာသီဆိုစေခြင်း၊ စိတ်ဝင်စားဖွယ်ရာ ပုံပြင်များကို နားထောင်စေခြင်း** တို့သည် ကလေးတို့ကို အလိုလိုက်အကြိုက်ဆောင်ပေးခြင်းဖြစ်ပါသည်။ ကလေးတို့၏ အလိုကိုလိုက်၍ အကြိုက်ကိုဆောင်ပေးနိုင်လျှင် ထိုကလေးတို့သည် ကျောင်းကိုလည်း ခင်တွယ်လာမည်။ ဆရာ၊ ဆရာမတို့ကိုလည်း ခင်တွယ်လာမည်ဖြစ်ပါသည်။

ကျွန်တော်ငယ်စဉ်က အရာရာကို ကြောက်ပါသည်။ ကျောင်းအပ်နှံပြီးခါစ တစ်လနီးပါးအထိ ကျောင်းသွားရမည်ကို အင်မတန်ကြောက်ပါသည်။ ကျွန်တော်တို့၏ ဆရာကြီး ဦးသာအေးအား မကြည့်ရဲလောက်အောင် ကြောက်လှပါသည်။ ဆရာကြီး ဦးသာအေးအားကြောက်၍လည်း ကျောင်းသွားရမည်ကို ကြောက်နေခြင်းဖြစ်ပါလိမ့်မည်။ ကျောင်းသွားရမည်ကိုကြောက်၍ ငိုခဲ့ရသည်။ ကျောင်းမသွားလိုသော ကျွန်တော့်ကို အမေကရိုက်သည်။ အမေရိုက်၍ ငိုရပြန်ပါသည်။ ကြောက်၍ငိုသည်။ ငို၍ရိုက်သည်။ ရိုက်၍ကြောက်သည်။ ကြောက်ခြင်းကြောင့် ငိုပွဲဆင်ခဲ့ရသည့်နေ့ရက်များဖြစ်ပါသည်။

မပျော်တစ်ဝက်ပျော်တစ်ဝက်ဖြင့် ကျောင်းတက်ခဲ့ရသော နေ့တစ်နေ့တွင် ဆရာကြီး ဦးသာအေးက ကျွန်တော်တို့ သူငယ်တန်းကလေးကို တပေါးပေါးတဝါးဝါးဖြင့် ခုန်ပေါက်ကစားစေပါသည်။ ကစားရသည်ကို ပျော်မွေ့ပါသည်။ ဆရာကြီးက တေးကဗျာလေးများကိုသီဆိုပြ၏။ နားထောင်ရသည်ကို သဘောကျလာပါသည်။ နားထောင်ရင်းက ပျော်မြူးလာသည်။ ဆရာကြီးက ကဗျာတိုလေးများကို နှုတ်တိုက်ချပေး၏။ မပီကလာပီကလာဖြင့် ကျွန်တော်တို့ လိုက်ဆိုကြရ၏။ ထိုသို့သီဆိုရသည်ကိုလည်း နှစ်ခြိုက်ကြည်နူးလာပါသည်။ ထိုသို့ဖြင့် ဆရာကြီး၏ မျက်နှာကို ရဲရဲကြီးကြည့်ဝံ့လာပါသည်။ ဆရာကြီး၏ အနားသို့ တိုးပြီးကပ်ချင်လာပါသည်။ ဆရာကြီးအား ကြောက်နေသော ကြောက်စိတ်တို့က လျော့ပါးလာသည်။ ဆရာကြီးအား ကြောက်စိတ်လျော့ပါးလာသည်နှင့်အမျှ ကျောင်းသွားရမည်ကိုကြောက်သော ကြောက်စိတ်သည်လည်း လျော့ပါးလာပြီဖြစ်ပါသည်။

ဆရာကြီးကလည်း တစ်နေ့တစ်မျိုး မရိုးရလေအောင် ပုံပြင်အသစ်အဆန်းများကို ပြောပြပါသည်။ ကျွန်တော်တို့ နားထောင်ကြရပါသည်။ သဘောကျနှစ်ခြိုက်လွန်းလှပါ၏။ အားလပ်ချိန်များတွင် ခုန်ပေါက်ကစားကြရ၏။ ထို့ကြောင့် လန်းလန်းဆန်းဆန်း ပျော်ပျော်ရွှင်ရွှင်ဖြစ်ကြရ၏။ တေးကဗျာများကိုလည်း အော်ဟစ်သီဆိုကြရ၏။ ထို့ကြောင့် ကြည်ကြည်နူးနူး မြူးမြူးရွှင်ရွှင်ဖြစ်ကြရ၏။

**ဆရာကြီး ပုံပြောပေးပါဦး၊ ကစားချင်ပါတယ် ဆရာကြီး၊ ကဗျာဆိုပြပါဦး ဆရာကြီး၊ ကဗျာဆိုချင်ပါတယ် ဆရာကြီး**ဟူ၍ နှုတ်မှထုတ်ဖော်တောင်းဆိုဝံ့သည်အထိ ရဲစိတ်များ ဝင်လာပါတော့သည်။ ဆရာကြီးအားကြောက်သောစိတ်များ လွင့်ပြယ်သွားပြီဖြစ်ပါသည်။ ဆရာကြီးသည်လည်း ကြောက်စရာကောင်းသော စာရင်းထဲမှ ပယ်ပျောက်သွားပါသည်။ ဆရာကြီးအား ကြောက်စိတ်အစား အားကိုးခင်တွယ်စိတ် ဖြစ်ပေါ်လာပါသည်။ ဆရာကြီးအား အားကိုးခင်တွယ်စိတ်ကြောင့် ကျောင်းသွားရမည်ကို ကြောက်သည့် ကြောက်စိတ်သည်လည်း အလိုလို လွင့်ပျောက်သွားပါတော့သည်။ သို့နှင့် ဆရာကို ချစ်လာခဲ့ရသည်။ ကျောင်းကို ချစ်လာခဲ့ရသည်။ ထိုမှတစ်ဆင့် စာကိုချစ်လာခဲ့ရပါသည်။

ကျောင်းနေပျော်အောင် မွေးပေးနေသည့် ဆရာကြီး ဦးသာအေးက သီဆိုရွတ်ပြပြီး ကျွန်တော်တို့က အော်ဟစ်သီဆိုခဲ့ရသော တေးကဗျာပေါင်းမြောက်မြားစွာ ရှိပါသည်။ ထိုမြောက်မြားစွာထဲမှ ကဗျာတိုလေး တစ်ပုဒ်ကိုကား ယနေ့တိုင်မမေ့နိုင်ဖြစ်ရပါသည်။

**လူ့ပြည်မှာမောင်သောင်း ဘိန်းစားလို့သေ**

**ခု ဆယ် ရာ ထောင် သောင်း သိန်းသန်းကုဋေ** ဆိုသော နဘေထပ်ကဗျာတိုလေးဖြစ်ပါသည်။ ထိုစဉ် သူငယ်တန်းဘဝတွင် ဆရာကြီးက **မောင်သောင်းဘာလို့သေ ဘိန်းစားလို့သေ** ဆိုသော အမေးအဖြေဖြင့် ရွတ်ဆိုပြပြန်သည်။ ဘိန်းဆိုသော စကားလုံးမှတစ်ဆင့် **ထန်းရည်၊ အရက်၊ တစ်ချက်ကိုကင်း ဘိန်းဘင်းကစော်၊ လှေ်ာစာ သောက်စားပြုသူများ စီးပွားပျက်မည်သိ** ဆုံးမစာကို ရွတ်ဆိုရှင်းပြသည်။ သို့ဖြင့် သေရည် သေရက် သောက်စားခြင်း အပြစ်ကိုသိခွင့်ရကာ သေရည်သေရက် သောက်စားခြင်းကို ရှောင်ကြဉ်ရန် အသိရခဲ့ပါသည်။ သူငယ်တန်းမှ တစ်ဆင့်တက်၍ ပထမတန်းသို့ ရောက်ရှိလာပါသည်။ ဆရာကြီးဦးသာအေးက သင်ပုန်းကြီးပေါ်တွင် ‘တစ်’ ဂဏန်းလေးလုံးကို တန်းစီပြီးရေးပြပါသည်။ လက်ယာအစွန်ဆုံးရှေ့က ‘တစ်’ ၏ တန်ဖိုးကို မေးပါသည်။ ကျွန်တော်တို့က ‘တစ်’ ဟုပြန်ဖြေပါသည်။ မှန်ပါသည်။ လက်ယာအစွန်ဆုံး ရှေ့တွင်ရှိသည့် ‘တစ်’ ၏တန်ဖိုးကို ဆက်လက်မေးပြန်ပါသည်။ ကျွန်တော်တို့ မဖြေနိုင်ဘဲ ငိုင်နေကြရပါတော့သည်။ ကျွန်တော်တို့ စဉ်းစားမရဘဲ ငိုင်တွေနေသည်ကို ဆရာကြီးက ပြုံးပြုံးကြီးကြည့်ပြီး ပြောပါသည်။

“မင်းတို့ သူငယ်တန်းတုန်းက ရွတ်ဆိုခဲ့ရတဲ့ လူ့ပြည်မှာ မောင်သောင်း ဘိန်းစားလို့သေကဗျာလေးကို ရွတ်ဆိုကြစမ်းပါ” ဟု ဆရာကြီးက ခိုင်းပါသည်။ **လူ့ပြည်မှာ မောင်သောင်း ဘိန်းစားလို့သေ၊ ခု ဆယ် ရာ ထောင် သောင်း သိန်း သန်း ကုဋေ** ကဗျာတိုလေးကို အော်ဟစ်ရွတ်ဆို လိုက်ကြပါသည်။ ခုဆယ်ရာ ထောင်သောင်းသိန်းသန်းကုဋေ စာသားသည် ဂဏန်းသင်္ချာ၏နေရာများဖြစ်ကြောင်းကို ဆရာကြီးကရှင်းပြသည်။ လက်ယာအစွန်ဆုံးက ‘တစ်’ ဂဏန်းသည် **ခုနေရာမှာရှိကြောင်း၊** ထို့ကြောင့် **ခုနေရာမှာရှိတဲ့အတွက်** ထိုတစ်သည် **တစ်ခုသာတန်ဖိုးရှိကြောင်း၊** ခုနေရာရဲ့ ရှေ့မှာ **ဆယ်နေရာရှိကြောင်း၊ ဆယ်နေရာက တစ်၏တန်ဖိုးသည် တစ်ဆယ်တန်ဖိုးရှိကြောင်း၊ ဆယ်နေရာ၏ရှေ့မှာ ရာနေရာရှိကြောင်း၊ ရာနေရာက တစ်သည် တစ်ရာတန်ဖိုးရှိကြောင်း၊ ရာနေရာ၏ ရှေ့မှာ ထောင်နေရာရှိကြောင်း၊** ထို့ကြောင့် **ထောင်နေရာက တစ်သည် တစ်ထောင်တန်ဖိုးရှိကြောင်း** ရှင်းပြရင်းက ပထမတန်း ဂဏန်းသင်္ချာ နေရာလိုက်တန်ဖိုးကို သင်ကြားပေးပါသည်။

ဂဏန်းသင်္ချာမှာ နေရာလိုက်တန်ဖိုးကြောင့် **တစ်ဂဏန်းချင်း တူလင့်ကစား** နေရာကိုလိုက်ပြီး **တစ်ခု၊ တစ်ဆယ်၊ တစ်ရာ၊ တစ်ထောင်** စသည်ဖြင့် တန်ဖိုးများ ကွဲပြားခြားနားသွားကြောင်း၊ နေရာကိုလိုက်ပြီး တန်ဖိုးမြင့်မားသွားကြောင်း၊ သင်ကြားနေရင်းမှပင် ဆရာကြီးဦးသာအေးက အရွယ်ရောက်လို့ လူလားမြောက်တဲ့အခါမှာ ဘဝအနေကွဲပြားခြားနားသွားကြရကြောင်း၊ **နိမ့်ကျတဲ့ဘဝ၊ မြင့်မားတဲ့ဘဝ၊ ဆင်းရဲတဲ့ဘဝ၊ ချမ်းသာတဲ့ ဘဝ၊ ပညာတတ်တဲ့ဘဝ၊ ပညာမတတ်တဲ့ဘဝ** စသဖြင့် ဘဝအမျိုးမျိုးဖြစ်တည်ကြကြောင်း၊ ထို**ဘဝအလီလီ တို့သည် မိမိတို့ရောက်ရှိ နေရသည့်နေရာ၏ တန်ဖိုးပင်ဖြစ်ကြောင်း၊ မြင့်မားတဲ့ဘဝ၊ ချမ်းသာတဲ့ဘဝ၊ ပညာတတ်တဲ့ဘဝ**မျိုးကို ပိုင်ဆိုင်ရဖို့လိုအပ်ကြောင်း၊ ထိုဘဝမျိုးကိုပိုင်ဆိုင်ဖို့အတွက် ထိုနေရာများသို့ ရောက်ရှိရမည်ဖြစ်ကြောင်း၊ ထိုနေရာများသို့ ရောက်ရှိနေမှ ထိုဘဝမျိုးကို ပိုင်ဆိုင်ရမည်ဖြစ်ကြောင်း၊ ဂဏန်းသင်္ချာမှာ နေရာလိုက်တန်ဖိုးအရ ကိန်းဂဏန်းချင်းတူသော်လည်း တန်ဖိုးချင်းမတူနိုင်ကြောင်း၊ လူ့ဘဝမှာလည်း နေရာလိုက်တန်ဖိုးအရ ရောက်ရှိသည့် နေရာပေါ်မူတည်ပြီး လူချင်းတူသော်လည်း လူနေမှုအဆင့်အတန်း မတူညီနိုင်ကြောင်း၊ မြင့်မားတဲ့ လူနေမှုအဆင့်အတန်းပိုင်ဆိုင်ခွင့်ရရှိရေးအတွက် မြင့်မားတဲ့နေရာရောက်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း ရှင်းပြပါသည်။

ထိုစဉ်က သင်ယူခဲ့ရသော **နေရာလိုက်တန်ဖိုး သင်ခန်းစာ**မှတစ်ဆင့် ဘဝတွက်အနေမြင့် အခြေတင့်အောင် ကြိုးစားနေလိုစိတ်အသိသည် အစဉ်အမြဲနိုးကြားနေပါသည်။ ကျောင်းသင်ခန်းစာက ပေးလိုက်သောဘဝအတွက် အထောက်အပံ့ပြုသင်ခန်းစာဖြစ်ပါသည်။

ပထမတန်း ဂဏန်းသင်္ချာ **နေရာလိုက်တန်ဖိုး** သင်ခန်းစာသည် ငုပ်လျှိုးနေသောစိတ်ကို နှိုးဆွပေးနေပါသည်။ ထို့အပြင် အခြေတကျအနေလှသည့်ဘဝကို ပိုင်ဆိုင်လိုစိတ်ပြင်းပြလာအောင် လှုံ့ဆော်ပေးနေပါသည်။ ထို့ကြောင့် အခြေတကျအနေလှသည့် နေရာသို့ရောက်ရှိရန် တက်လှမ်းလိုစိတ်ထက်သန်လာပါတော့သည်။ ထိုသို့ဖြင့် ပိုင်ဆိုင်လိုသည့်ဘဝ၊ ရောက်ရှိလိုသည့်နေရာသို့ ပိုင်ဆိုင်ရောက်ရှိနိုင်အောင် ကြိုးစားအားထုတ်ကြရပါသည်။ **ပိုင်ဆိုင်လိုသည့်ဘဝ၊ ရောက်ရှိလိုသည့်နေရာ** ဆိုသည်မှာကား **ရည်မှန်းချက်ပန်းတိုင်**ပင်ဖြစ်နေပါတော့သည်။ ထိုရည်မှန်းချက်ပန်းတိုင်သို့ ရောက်အောင် နှိုးဆွစေ့ဆော်ပေးနေသည့် နေရာလိုက်တန်ဖိုး သင်ခန်းစာဖြင့် ဘဝအတွက်သင်ခန်းစာကိုပါ သင်ကြားပေးလိုက်သော ငယ်ဆရာကြီး ဦးသာအေး၏ ကျေးဇူးသည်ကား ကြီးမားလွန်းပေစွ။ ။



## အနန္တဂုဏ်အင်ကျေးဇူးရှင်

❖ အကြင်နာ မျက်ဝန်းရဲ့
လက်ရှိန်းတဲ့ကရုဏာ
ပီတိဝေဖြာ၊
လက်ဖျားက စေတနာ
မုဒိတာ နှလုံးသား။
တပည့်တွေယဉ်ကာခန့်အောင်လို့
အသိဝေ ပညာဖြန့်တယ်
နူးညံ့စိတ်ထား။

❖ တပည့်တွေ နောင်အရေး
ဆောင်ပေးဖို့ အလေးမူ
ဖေးမလို့ကူ၊
အထက်နန်းကိုလ
တက်လှမ်းဖို့ ညွှန်အပ်သူ
မွန်မြတ်ဖြူဆရာများ။
အသနားပိုကာ . . .
စကားချိုသာသာနဲ့
နက်ဖြန်ခါ လူ့တစ်ခွင်မွှေးစေဖို့
ထက်သန်စွာ ပြုပြင်ပေးနေတဲ့
ကျေးဇူးမြင့်မား။

❖ ကျေးဇူးရှင် ဆရာများရဲ့
အမှာစကား နာယူကာ
လှမ်းလျှောက်ခဲ့ရာ၊
သာတစ်လှည့် နာတစ်ခါ
ကြုံလာရ အမျိုးမျိုး။
အရာရာတွင် ကျော်ကာလွှားနိုင်မယ့်
ဆရာသင် ပညာများရယ်ကြောင့်
အားမာန်တွေနိုး။

❖ ကျေးဇူးတော် အနန္တ
ဆရာ ဆရာမ ဂုဏ်အင်
ပုံရိပ်တွေထင်၊
မေ့ပါဘူး ထာဝစဉ်
အမြဲပင် ဦးထိပ်ထား။
တို့ရဲ့ဆရာ ဆရာမတွေက
ဘဝမှာ ပဓာနပါပဲ
အစစအရာရာ အခရာကျတာကြောင့်
တပည့်တွေခမျာ ဂါရဝရယ်နဲ့
ပူဇာစပူဇ နေယျာန်မို့
ဒေသနာအမုန် မဂ်လာပွဲကိုလ
နွှဲလို့ဝပ်တွား။ ။

ရေနံ့သာမောင်ကျော်ညွန့်

## ရန်ကုန်တက္ကသိုလ်ဥပဒေပညာဌာန အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃**

၁၉၈၂ ခုနှစ်မှ ၁၉၈၈(၁၉၉၁)ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန၌ ပညာသင်ကြားခဲ့ကြသော ဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ Mai Thai စားသောက်ဆိုင်ခန်းမ၌ ကျင်းပသည်။

စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကော်မတီဥက္ကဋ္ဌ ဦးဘတင့်ဆွေ ဖုန်း-၆၁၂၅၂၂၊ အတွင်းရေးမှူး ဦးခင်မောင်မြင့် ဖုန်း-၀၉-၄၃၁၅၈၃၅၁၊ ဒေါ်တင်တင်ဝါ (နေပြည်တော်) ဖုန်း-၀၉-၅၀၁၈၇၄၀၊ ဦးတင်ဝင်းလှိုင် ဖုန်း-၀၉-၅၁၁၃၈၃၃၊ ဒေါ်မင်းမင်းကျော် ဖုန်း-၀၉-၅၀၀၆၇၆၉၊ ဦးလှဝင်း ဖုန်း-၀၉-၄၉၂၀၅၆၈၁၊ ဒေါ်ကျော့မြခင် ဖုန်း-၀၉-၅၀၀၇၅၅၇၊ ဒေါ်နီလာစိန် ဖုန်း-၀၉-၅၀၁၃၃၃၈၊ ဦးသိန်းလွင်ဦး ဖုန်း-၀၉-၇၃၁၅၂၁၈၈နှင့် ဦးပြုံးချို ဖုန်း-၀၉-၅၁၁၀၂၇၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၃-၁၀-၂၀၁၁

ကျောက်ဆည်
၇ ဒသမ ၅၁ လက်မ
မြစ်သား
၅ ဒသမ ၈၀ လက်မ
မန္တလေး
၄ ဒသမ ၄၁ လက်မ

စစ်ကိုင်း
၄ ဒသမ ၃၇ လက်မ
အမရပူရ
၃ ဒသမ ၉၂ လက်မ
မုံရွာ
၃ ဒသမ ၄၆ လက်မ
သထုံ
၃ ဒသမ ၂၃ လက်မ
စဉ့်ကိုင်
၃ ဒသမ ၂၀ လက်မ

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ရောတ တခဲဒ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ရောတ တခဲဒ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။**

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးလွန်းသီ၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ရောတ တခဲဒ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်သွားရေး၊ မြန်မာ-ဂျပန် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ရောတ တခဲဒ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

# ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ‘ဝ’အထူးဒေသ(၂) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ပထမအကြိမ် ငြိမ်းချမ်းရေးကိစ္စများ ညှိနှိုင်းဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့မှ ဖွဲ့စည်းပေးသည့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ‘ဝ’ အထူးဒေသ(၂)မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီတွင် လားရှိုးမြို့၌ နှစ်ဖက်တွေ့ဆုံ၍ ငြိမ်းချမ်းရေးကိစ္စများအား ပထမအကြိမ် ဆွေးနွေးကြသည်။**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ‘ဝ’ အထူးဒေသ(၂) အဖွဲ့ခေါင်းဆောင် ဦးရှောက်မင်လျံမှ ‘ဝ’အထူးဒေသ(၂)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ပြည်ထောင်စုမှ ခွဲထွက်မည်မဟုတ်ကြောင်း၊ တိုင်းပြည်ပြိုကွဲအောင် မည်သည့်အခါမျှ ပြုလုပ်လိမ့်မည်မဟုတ်ကြောင်းနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ရေရှည်ဆက်လက်ထိန်းသိမ်း၍ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့နှင့် ‘ဝ’ အထူးဒေသ(၂) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ငြိမ်းချမ်းရေးကိစ္စများအား ပထမအကြိမ် ဆွေးနွေးကြစဉ်။**

(သတင်းစဉ်)



### လက်မှတ်ရေးထိုး

ဆက်လက်၍ ပညာရေး၊ ကျန်းမာရေး၊ နှစ်ဖက်ဆက်ဆံရေးရုံးများ ပြန်လည်ဖွင့်လှစ်ရေး၊ ဝန်ထမ်းများ ပြန်လည်တာဝန်ပေးစေလွှတ်ပေးရေး၊ မူးယစ်ဆေးဝါးပပျောက်အောင် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးအခြေခံလုပ်ငန်းများ စီမံဆောင်ရွက်ပေးရေး ကိစ္စများအပေါ် နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆွေးနွေး၍ သဘောတူညီချက်များအား လက်မှတ်ရေးထိုးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုအစိုးရ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးအောင်သောင်း (တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)နှင့် အဖွဲ့ဝင်ကိုးဦး၊ ‘ဝ’အထူးဒေသ(၂)မှ အဖွဲ့ခေါင်းဆောင် ဦးရှောက်မင်လျံ (ဒုတိယဥက္ကဋ္ဌ)နှင့်အဖွဲ့ဝင် ၁၅ ဦးတို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲအပြီးတွင် နှစ်ဦးနှစ်ဖက် လက်ဆောင်များ ပေးအပ်ကြသည်။

(သတင်းစဉ်)